ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 July 2024 ၁၁၅၂၈

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးရာသီတွင် လည်ပတ်ရန် နေရာများစွာရှိသော ဘားအံဒေသသို့ ရန်ကုန်တိုင်းဒေသကြီးမှ ခရီးသွားအများဆုံး လာရောက်လည်ပတ်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၃

မိုးရာသီတွင် လည်ပတ်ရန် နေရာများစွာရှိသော ကရင်ပြည်နယ် ဘားအံဒေသသို့ ရန်ကုန်တိုင်းဒေသကြီးမှ ခရီးသွားအများဆုံး သွားရောက်လည်ပတ်လျက်ရှိကြောင်း အဆိုပါဒေသခံများထံ ဆက်သွယ်မေးမြန်းချက်အရ သိရသည်။

မိုးရာသီတွင် သဘာဝပတ်ဝန်းကျင်အလှအပများဖြင့်လှပသည့် မြင်ကွင်းများကြောင့် ဘားအံမြို့သို့ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နေရပ်ဒေသအသီးသီးမှ မိုးရာသီခရီးသွားလာရောက်လည်ပတ်မှုများနေပြီး နေ့စဉ်လူဦးရေ ၄၀၀ ကျော် ၅၀၀ နီးပါး လာရောက်လည်ပတ်မှုရှိကြောင်း ဘားအံဒေသခံများက ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○



ဆဒ္ဒန်ဂူသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

မြန်မာ့ရက်ကန်း လက်မှုအနုပညာ အထူးပြပွဲသို့
ဆောင်းပါး စာမျက်နှာ » ၇



ဘင်းမ်စတက်လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် အောင်မြင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်
စာမျက်နှာ » ၆

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်
စာမျက်နှာ » ၁၁

အိန္ဒိယနိုင်ငံ၌ ရုပ်ကြွင်းလောင်စာအရင်းအမြစ်မှ မဟုတ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်
စာမျက်နှာ » ၁၃

နိုင်ငံတော်အစိုးရက အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်
စာမျက်နှာ » ၁၅

ဧရာဝတီမြစ်နှင့်ဝဝန်မြစ်တို့ စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ
စာမျက်နှာ » ၁၈

ကြေးမုံ

# ပညာရေးကို အားပေးမြှင့်တင် ထူးချွန်ထက်မြက်သူများ ပေါ်ထွက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၂ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် (Grade – 12) စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြေဆိုသူဦးရေ ၁၂၈၈၂၀ ရှိပြီး စာမေးပွဲအောင်မြင်သူ ၇၄၅၉၂ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိသည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၁ ဦး၊ ဝိဇ္ဇာဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး ရှိပြီး ဘာသာစုံဂုဏ်ထူးရရှိသူမှာ စုစုပေါင်း ၅၀၇ ဦးရှိသည်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာပြီဖြစ်၍ နိုင်ငံအနာဂတ်အတွက် အားတက်ဖွယ်ဖြစ်သည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ထူးခြားချက်မှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဖြေဆိုခွင့်မရသူမရှိစေရေးအတွက် ပုံမှန်ပြုလုပ်လေ့ရှိသော မတ်လစာမေးပွဲအပြင် ဧပြီလနှင့် မေလတွင်လည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် စာမေးပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။ ကျောင်းသားကျောင်းသူများ စိတ်အားထက်သန်မှုအပေါ် နိုင်ငံတော်က လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားသည့်အပြင် ထူးချွန်သူများစွာ ပေါ်ထွက်လာသည်။ နိုင်ငံတော်အစိုးရက လူငယ်လူရွယ်များ အနာဂတ်နှင့် ပညာရေးကို အားပေးမြှင့်တင်သည့်အနေဖြင့် ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရရှိသူအားလုံးကို "နိုင်ငံတော်အဆင့်" "ပထမအကြိမ်" ဂုဏ်ပြုချီးမြှင့်ခြင်းအဖြစ် ဘာသာစုံဂုဏ်ထူးရှင် ၅၀၇ ဦးကို ရွှေစင် ငါးမူးသားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးသမိုင်းကြောင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့်ပတ်သက်၍ ပထမဆုံးရရှိခဲ့သည့် ဂုဏ်ပြုချီးမြှင့်ခံရမှုဖြစ်သည်။ ယခင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံး ကျောင်းသား ကျောင်းသူများနှင့် အဆင့်(၁)မှ အဆင့်(၁၀)ဝင် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာဒေသ၊ အဖွဲ့အစည်းအလိုက် ဂုဏ်ပြုချီးမြှင့်လေ့ရှိသည်။ ယခုအခါ ဘာသာစုံဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်ကို နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်လိုက်သဖြင့် ကျန်ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း အတုယူအားကျပြီး နှစ်စဉ် နှစ်တိုင်း ပညာရေးတွင် ထူးချွန်ထက်မြက်သူများ ပိုမိုပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထူးချွန်ထက်မြက်သော ကျောင်းသားတစ်ယောက်ဖြစ်လာရန်မှာ လွယ်ကူလှသည်မဟုတ်ပေ။ စနစ်သစ် ပညာရေးအရ အဆင့်ဆင့်ကြိုးပမ်းအားထုတ်ခဲ့ရပြီး ပညာကို နေ့စဉ်နေ့တိုင်း အပတ်တကုတ် ဆည်းပူးလေ့လာခဲ့ရသည်။ ဆရာ ဆရာမများ၏ အလေးထားသင်ကြားပေးမှုများနှင့် ကျောင်းသားများက တစ်နှစ်ပတ်လုံး ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ဂုဏ်ပြုခံထိုက်သူများ ဖြစ်လာရသည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ကို ချမှတ်ထားပြီး နိုင်ငံသားတိုင်း ပညာသင်ယူမှုအခွင့်အလမ်း သာတူညီမျှရရှိရေးကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ "ပညာရေးဖြင့် နိုင်ငံတော်တိုးတက်ရေး"ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဦးလည်မသုန် ထမ်းဆောင်လျက်ရှိသည်။ ပညာရေးကို နှစ်စဉ်နှစ်တိုင်း အားပေးမြှင့်တင်လျက်ရှိရာ ယခုနှစ်တွင် ဘာသာစုံဂုဏ်ထူးရရှိသူများအား နိုင်ငံတော်အဆင့် ထူးခြားသောဂုဏ်ပြုမှုအပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်သွားရောက်နိုင်ရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသားများကို ဒေသန္တရဗဟုသုတများ ရရှိရန်၊ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်မြတ်နိုး တန်ဖိုးထားတတ်စေရန် ပြည်တွင်းလေ့လာရေးခရီးစဉ်များသာမက နိုင်ငံတကာအတွေ့အကြုံများရရှိစေရန် ပြည်ပလေ့လာရေးခရီးစဉ်များကိုပါ စေလွှတ်ပေးခဲ့သည်ကို တွေ့မြင်ရသည်။ ထိုသို့ချီးမြှင့်ဆောင်ရွက်ပေးခြင်းသည် မျိုးဆက်သစ်လူငယ်မောင်မယ်များကို စိတ်ဓာတ်ခွန်အားများရရှိစေပြီး အခြားကျောင်းသားလူငယ်များကိုလည်း အတုယူအားကျစိတ်ဖြစ်ပေါ်လာစေရန်၊ ပညာကိုအစဉ်တစိုက်ကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံအကျိုးပြု သားကောင်းရတနာများ ပေါ်ထွက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် အားပေးမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။ ။

## ဦးမျိုးမြင့်မောင်အား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမျိုးမြင့်မောင်အား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

## ပြည်ကြီးတံခွန်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ရှင်းလင်းဆွေးနွေး



မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်ကုန်းရပ်ကွက် မိခင်နှင့်ကလေးဆေးပေးခန်း၌ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကျော်ဆန်း၊ သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ်သန်းခေါင်စာရင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်လဝက ဦးစီးမှူး ဦးအောင်သွင်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စု မေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများကို အကျယ်တဝင့် အသိပညာပေး ရှင်းလင်းပြီး တက်ရောက်လာသည့်ပြည်သူများက သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ၂၂၂

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကုန်ထုတ်ဓာတုဗေဒဌာန ဘာသာရပ်ဆိုင်ရာဟောပြော

ဒဂုံ ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာနဘာသာရပ်ဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အဆိုပါအခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး (အငြိမ်းစား) ပါမောက္ခ/ဌာနမှူး ဒေါက်တာရီရီမြင့်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ကုန်ထုတ်ဓာတုဗေဒဌာန ပါမောက္ခ ဒေါက်တာစိုးဝင်းက ဖတ်ကြားသည်။

ထို့နောက် "Food Safety for Human Health " ခေါင်းစဉ်ဖြင့် (အငြိမ်းစား)ပါမောက္ခ/ဌာနမှူး ဒေါက်တာရီရီမြင့်က အစားအသောက်၏ အရည်အသွေးများအကြောင်းကို ဟောပြောပြီး ကျောင်းသားကျောင်းသူများက မေးခွန်းများ မေးမြန်းရာ ပါမောက္ခဆရာမကြီးက ပြန်လည်ဖြေကြားသည်။ **အေးမဥ္ဇူ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ – ၇ –၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၅၀၀ | ၂,၀၂၂ | ၁၇,၄၉၃,၄၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၅၀ | ၇၀၇ | ၂,၄၅၉,၈၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၁၀၀ | ၈၃၀,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၁၀,၉၇၈ | ၁၈,၆၁၃,၇၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၅ | ၄၂,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁,၈၆၀ | ၃,၂၄၀,၁၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၄၂၅ | ၂,၀၁၈,၈၀၀ |
| MAEX | ၃,၇၅၀ | ၃,၆၅၀ | ၃၉ | ၁၄၃,၉၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၃**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ (၁/၂၀၂၄)အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာ ခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် ညောင်ဦး ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၄ ခုနှစ် မေ ၂၅ ရက်နှင့် ၂၆ ရက်အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ရေလှောင်တမံများအား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ တမံများ၏ ခံနိုင်ရည်စံနှုန်းအရည်အသွေး စစ်ဆေးခြင်းများကို အဆင့်အလိုက် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေလှောင်တမံများ၊ ရေလှောင်ကန်များအားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက် ဧရိယာတစ်လျှောက် လမ်းကြောင်းများ အတွင်း ရေကြောင်းပိတ်ဆို့မှု မရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေး အသေးစိတ် လေ့လာဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရေသည် အထက်မှအောက်သို့သာ စီးဆင်းတတ်သည့် သဘောသဘာဝဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေဝင်ရောက်သည့် အနိမ့်ပိုင်းများ၌ ရေဝင်ထွက်မှုကောင်းစေရန် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေစီးရေလာ ကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေး အဓိကထား ဆောင်ရွက်ရန် လိုအပ်ကြောင်းကို လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း။

**အလေးထားပြောကြား**

ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ကြသည့် အခါ ယဉ်ကျေးမှုအမွေအနှစ် အပေါ် ထိခိုက်နိုင်မှု ဆန်းစစ်ချက် (Heritage Impact Assessment –HIA) ဆောင်ရွက်ပြီးမှသာ HIA အကြံပြုချက်နှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်သည်ကို အလေးထားပြောကြား လိုပါကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေကန်များ ပြန်လည်တူးဖော်ရန်တို့ကိုလည်း ဆက်စပ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့ ပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်စာမှတ်တမ်း အထောက်အထားများကိုအခြေခံပြီးပုဂံကမ္ဘာ့ အမွေအနှစ်ဒေသတွင် ရှိသည့် ရေကန်များကို ကွင်းဆင်းမှတ်တမ်းစာရင်းကောက်ယူခဲ့ရာ ရေကန် ၁၀၆ ကန်ကို စာရင်းပြုစုနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါရေကန်များအနက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော ၆၁ ကန်အား ရှေးဟောင်းရေစီးလမ်းကြောင်းများတွင် ပို့ကျနေသည့် သဲနုန်း အနည်အနှစ်များကို ပြန်လည်ဖယ်ရှား ပြုပြင်ပေးမှသာ ရေစီးရေလာ ကောင်းမွန်ပြီး ရေထိန်းနိုင်မည် ဖြစ်သည့်အတွက် ကန်ဆယ်ခြင်း၊ ရေလမ်းကြောင်းများပြုပြင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ မထိခိုက်စေရန် ဌာနမှ ဝန်ထမ်းများ ကြီးကြပ်၍ ဆက်စပ် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန ASI (Archaeological Survey of India) ကလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၁၀ နှစ် စီမံကိန်းဖြင့် ရှေးဟောင်းအဆောက်အအုံပေါင်း ၉၂ ဆူ ပြုပြင်ထိန်းသိမ်းရန် MoU ရေးထိုးပြီး ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**CCTV အစီအမံ**

မိမိတို့၏ ဦးစီးကော်မတီသည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသကြီး၏ ပြုပြင်ထိန်းသိမ်းမှုများကို ကြီးကြပ်တာဝန်ယူရသည့်အတွက် တန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ်များကို သဘာဝဘေးအန္တရာယ်သာမက မသမာသူများ၏ ခိုးယူဖျက်ဆီးမှုကပါ ကာကွယ်နိုင်စေရန် ပုဂံဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အချိန်ပြည့်လုံခြုံရေးစောင့်ကြည့်မှုစနစ်၊ CCTV အစီအမံများလည်း လာမည့်နှစ်များတွင် ဆက်လက် ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့အတူ စေတီပုထိုးတစ်ဆူချင်း၏ မှတ်တမ်းမှတ်ရာများလည်း ပြုစုထိန်းသိမ်းထားမည်ဆိုပါက နောင်တစ်ချိန်ချိန်တွင် ထိခိုက်ပျက်စီးခဲ့မည်ဆိုပါက ပြန်လည်ပြုပြင်ရန် အထောက်အထားများ ရရှိမည်ဖြစ်သည့်အတွက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်ဒေသ ဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များ ပုဂံဒေသအတွင်း သွားရောက်လည်ပတ်သည့်အခါတွင် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အသုံးပြုသည့်လမ်းများ ကောင်းမွန်စေရန် လိုအပ်သည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ပုဂံမြို့အဝင်နှင့် ဆက်စပ်ကျေးရွာများ၏ လမ်းများ၊ ကျေးရွာချင်းဆက် လမ်းများ၊ ရေကန်ချင်းဆက် လမ်းများ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များက စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများ အနေဖြင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆောင်ရွက်ရန် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ရှိသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ စီမံခန့်ခွဲမှုကိစ္စအဝဝနှင့် လိုအပ်သည့်အကူအညီများကို ဆက်လက်ကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်း ဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ရှေးဟောင်းရေကန် ၆၁ ကန်အား ပြန်လည်ပြုပြင် တူးဖော်မှုအခြေအနေများ၊ ပြည်တွင်း/ ပြည်ပပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ရန်ပုံငွေများ စနစ်တကျစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဖံ က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပုဂံဒေသရှိယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတို/ရေရှည် စီမံချက်များချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# တွံတေးခရိုင် သန်းခေါင်စာရင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကျင်းပ

**တွံတေး ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် သန်းခေါင်စာရင်းကော်မတီ၏ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီခေတ္တဥက္ကဋ္ဌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ၊ စာရင်းစစ်နှင့် စာရင်းကောက်များ အတည်ပြုသတ်မှတ်ခန့်ထားနိုင်ရေး စသည့်ဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်ကော်မတီဝင်များက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးကြပြီး တက်ရောက်သူများအား သန်းခေါင်စာရင်းပိုစတာ၊ လက်ကမ်းစာစောင်၊ တီရှပ်၊ စပို့ရှပ်နှင့် ဦးထုပ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဌမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ ကော်မတီဝင် ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့အစဉ်အလာများ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မြန်မာနိုင်ငံသား အားလုံးတွင် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကဦးစီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရှေးဟောင်းဝတ္ထု ပစ္စည်းများနှင့် ရှေးဟောင်း အဆောက်အအုံများကို အဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းခြင်းအပြင် ဥပဒေဖြင့်ပါ ကာကွယ်ထိန်းသိမ်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြုံတွေ့လာရပါက ကာကွယ်နိုင်ရန်နှင့် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်ကိုလည်း သုတေသနလုပ်ငန်းများ၊ မြေပုံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပုဂံဒေသရှိ ငလျင်ဒဏ်ခံရသည့် ဘုရားစေတီ ၃၈၉ ဆူအတွင်းမှ ပြုပြင်ရန်ကျန်ရှိသည့် ဘုရားအမှတ် (၁၅၉၇)သဗ္ဗညုဘုရားကို မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲရေးဌာနတို့ အကြား ငလျင်အလွန် ပုဂံဒေသရှိသမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အများပြည်သူအသိပညာ ဗဟုသုတပွားများစေရန် အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိက ပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ဥပဒေ(မူကြမ်း)တို့ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အလေးထား ကြိုးပမ်း**

မိမိတို့မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့အစွန့်ရှည်တည်တံ့နေစေရန် ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို ကော်မတီက အလေးထား ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် အဌမအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီအနေဖြင့် ယခင်သတ္တမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး၊ သုတေသနပြုရေးလုပ်ငန်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် တက်ရောက်လာကြသည့်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပိုမိုကောင်းမွန်သည့် ဆွေးနွေးချက်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဒြပ်ရှိ/ဒြပ်မဲ့မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဖော်ထုတ်စာရင်းပြုစုနေမှု၊ ယဉ်ကျေးမှုပြတိုက်များ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ် ဆောင်ရွက်ရန် သဘာဝအမွေအနှစ်များ သတ်မှတ်ခြင်း ဆောင်ရွက်နေမှု၊ စေတီ၊ ပုထိုးစသည့် သာသနိက အဆောက်အအုံများ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားပုထိုးများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုလုပ်ဆောင်ရွက်နေမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေး ဆောင်ရွက်နေမှုများ၊ အမျိုးသားယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ကာကွယ်စောင့်ရှောက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ ရှေ့ဖုံးမှ

"ဘားအံက မိုးရာသီဆို တော်တော်လှတော့ လာတဲ့သူ တော်တော်များတယ်ဗျ။ များသောအားဖြင့်တော့ ရန်ကုန်ဘက်က အလာများတယ်။ ရုံးပိတ်ရက်တွေဆို လူအပြည့်ပဲ။ ခန့်မှန်းခြေကတော့ နေ့စဉ်ရာဂဏန်းဖြစ်မယ်။ လေးငါးရာလောက်ပေါ့။ ရန်ကုန်၊ မော်လမြိုင်နဲ့ အနီးအနားဝန်းကျင်ကလာကြတယ်။ တချို့လည်း နေ့ချင်းပြန်တယ်။ View လှတဲ့ဟိုတယ်တွေဆို တော်တော်လူကျတာ။ တချို့ဟိုတယ်တွေဆို လူပြည့်နေလို့ Booking တောင် ၁၅ ရက်၊ ရက် ၂၀ လောက်ကြိုချိတ်ရတယ်"ဟု ဘားအံဒေသခံတစ်ဦးက ပြောသည်။

လာရောက်လည်ပတ်ကြသူအများစုမှာ လူလတ်ပိုင်းအရွယ်များဖြစ်ပြီး ဆဒ္ဒန်ဂူ၊ တောင်ပိုင်းတောင်၊ ထွန့်ပတိုင်၊ ကျောက်ကလပ်၊ ဇွဲကပင်တောင်၊ လွန်းညရေပြာအိုင်၊ နောင်လုံတောင်ကြားလမ်း၊ ကန်သာယာ၊ ကော့နန်းသာစမ်းချောင်း၊ ကြီးကျယ်စမ်းချောင်းနှင့်ဘုရားတံခွန်၊ မူလအိတောင်၊ ဘားအံကမ်းနားညစျေးတန်း အစရှိသဖြင့် နေရာများသို့ သွားရောက်လည်ပတ်မှုများပြီး အခြားသွားရောက်လည်ပတ်နိုင်သည့် နေရာများစွာရှိကြောင်းလည်း ဘားအံဒေသခံတစ်ဦးက ဆိုသည်။

"ဘားအံမှာ လည်ပတ်စရာနေရာတွေများတော့ နေရာအနှံ့သွားလည်မယ်ဆိုရင် နှစ်ရက်၊ သုံးရက်လောက်မှ နေရာစုံမယ်။ တောင်တက်မယ်ဆိုရင်တော့ သုံးရက်လောက်ဆိုနှံ့ပါတယ်။ မိုးရာသီလည်း တောင်တက်လို့ အဆင်ပြေပါတယ်"ဟု ၎င်းက ဆိုသည်။

ခရီးသွားများလာရောက်လည်ပတ်မှုများသဖြင့် မြို့တွင်းတက္ကစီများ၊ အိုးဝေသမားများ၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များ အစရှိသဖြင့် ဒေသခံများ အနေဖြင့် ဝင်ငွေအခွင့်အလမ်း ပို၍ကောင်းမွန်ကြောင်းလည်း ၎င်းက ဆိုသည်။ **MT**



ကြီးကျယ်စမ်းချောင်း၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

---

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကလပ်အသင်းများမှ တာဝန်ရှိသူများ ယခုပြိုင်ပွဲများကို လာရောက်ကြည့်ရှုပြီး ခြေစွမ်းခြေစရှိသည့် အားကစားသမားများကိုသက်တမ်းအလိုက် လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းများအတွက် တိုက်ရိုက်ရွေးချယ် ခေါ်ယူမည်ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့အတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ်ခံယူပြီး မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြသနိုင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းယှဉ်ပြိုင် သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှ တစ်ဆင့်ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် ဘောလုံးအားကစား သမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်း ဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပြီး မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက် မြင့်မားလာစေရေးနှင့် အရှေ့တောင်အာရှ အဆင့်နှင့် အာရှအဆင့် ပြိုင်ပွဲများတွင် အောင်မြင်စွာရပ်တည် နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည့် အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံး ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင် ကျင်းပ သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားကိုစိတ်ပါဝင်စားကြသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာ ကျောင်းများမှ စာကြည့်တိုက်မှူး များအား စာကြည့်တိုက်ပညာ သင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ယနေ့နံနက်ပိုင်းက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။



ဦးစွာ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဦးစီးအရာရှိ ဒေါ်မြစန်းရီတို့က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့်ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ(နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များ စသည်တို့ကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## ထွန်းသီရိဈေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ထွန်းသီရိဈေး သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က အမှတ်(၄၂)အခြေခံပညာမူလတန်းကျောင်းဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးငွေလှိုင်က အမှာစကား ပြောကြားပြီး အသင်းသားများအား အစု/စုဆောင်းပေါ် အမြတ်ငွေများထုတ်ပေးခဲ့သည်။

ဆက်လက်၍ ရွှေသီရိအောင် အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမြသောင်းက အမှာစကားပြောကြားပြီး အသင်းသားများအား အစု/စုဆောင်းပေါ် အမြတ်ငွေများထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (၁) ဦးမျိုးဆွေ | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) ဦးခင်ဇော်(၂) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |



## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**တောင်ငူ ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ယနေ့တွင် (အမျိုးသား) နှစ်ယောက်တွဲ ပထမ၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ကျင်းပလျက်ရှိသည်။

ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မိုးရာသီပိုက်ကျော်ခြင်း အားကစား ပြိုင်ပွဲ (အမျိုးသား) နှစ်ယောက်တွဲအကြိုဗိုလ်လုပွဲအဖြစ် မုံရွာအသင်းနှင့် ရန်ကင်းအသင်း၊ သင်္ဃန်းကျွန်းအသင်းနှင့် မြောင်းမြအသင်းတို့ တွေ့ဆုံကြမည်ဖြစ်ပြီး ဇူလိုင် ၂၆ ရက်တွင် အကြိုဗိုလ်လုပွဲများ၊ ဇူလိုင် ၂၇ ရက်တွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲတို့ကို ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## မိတ္ထီလာမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြော

**မိတ္ထီလာ ဇူလိုင် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဝွေ့အိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငွေဝင်းက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ စသည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းရာ တက်ရောက်လာသူများက သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲ တက်ရောက်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ညစာစားပွဲအခမ်းအနားတက်ရောက်စဉ်။




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ယူနန်နုန်ခမ်းကော်ဖီကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။

**ကူမင်း ဇူလိုင် ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Intercontinental Hotel ၌ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွိပေါ် က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲ အကြိုညစာစားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ညစာစားပွဲသို့ တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များလည်း တက်ရောက်ကြသည်။

**လက်ခံတွေ့ဆုံ**

ညစာစားပွဲအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး မစ္စစ်စွန်းဟိုင်ယန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေးအပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် တရားမဝင် မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုနှင့် အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှု ကိစ္စရပ်များ တိုက်ဖျက်ရေးတို့တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်ပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Agricultural Reclamation Group ၏ ယူနန်နုန်ခမ်းကော်ဖီကုမ္ပဏီသို့သွားရောက်ပြီး ယူနန်ပြည်နယ်၏ ပြည်တွင်းကော်ဖီထုတ်လုပ်မှုကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ကော်ဖီအမျိုးအစားများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်းမ်စတက်လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက် အောင်မြင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

**နေပြည်တော် ဇူလိုင် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့အစည်း (BIMSTEC) အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေး (Ambassador Indra Mani Pandey) ကို ယနေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (Action Plan)တွင် ပါဝင်သည့် ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ တိုးမြှင့်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေး၊ လယ်ယာကဏ္ဍဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေး အားကောင်းလာစေရေး၊ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး စသည့် လုပ်ငန်းအစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**





## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် သံအမတ်ကြီး အင်ဒရာမာနီပန်ဒေးအား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅)၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဘင်းမ်စတက်ဒေသတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု (Connectivity) ကောင်းမွန်လာခြင်းဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးကဏ္ဍများ၊ ဆက်သွယ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကဏ္ဍများအနေဖြင့် အနာဂတ်ဘင်းမ်စတက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကအရေးပါမှုရှိသည့် အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရက်ကန်း လက်မှုအနုပညာ အထူးပြပွဲသို့

ဒေါက်တာအေးအေးသင်း (အမျိုးသားပြတိုက်၊ နေပြည်တော်)

အမျိုးသားပြတိုက်(နေပြည်တော်)ကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ဖော်ထုတ်ပြသရန်၊ ကြွယ်ဝပြီး အဆင့်အတန်းမြင့်မားသည့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန်နှင့် မိမိတို့လူမျိုး၏ Soft Power စွမ်းဆောင်ချက်များကို ပြသရန် ဟူသည့်ရည်ရွယ်ချက်များဖြင့် ရှေးဟောင်းသုတေသနဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် အနုသုခုမဆိုင်ရာ အမွေအနှစ်ပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်မှာ ၁၅-၇-၂၀၂၄ ရက်နေ့တွင် (၉)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ အမျိုးသားပြတိုက်(နေပြည်တော်) (၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရက်ကန်းလက်မှု အနုပညာအထူးပြပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဇူလိုင်လ ၂၈ ရက်နေ့အထိ ပြသလျက်ရှိပါသည်။

အထူးပြပွဲကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသခြင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံတွင် ရက်ကန်းလက်မှုအနုပညာကို လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ခန့်ကပင် တတ်မြောက်ခဲ့ကြပြီး ခေတ်အဆက်ဆက် ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းတတ်မြောက်ခဲ့ကြကြောင်း ပြည်သူလူထု လေ့လာသိရှိနိုင်ကြစေရန်၊

(ခ) လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည့် စား၊ ဝတ်၊ နေရေး အခြေခံအချက်များတွင် ပါဝင်သော အဝတ်အထည်ရက်လုပ်ပုံကို လူငယ်လူရွယ်များ လေ့လာနိုင်ကြစေရန်၊

(ဂ) ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ပုံဒီဇိုင်းများပြောင်းလဲလာပုံကို နှိုင်းယှဉ်လေ့လာနိုင်ကြစေရန်၊

(ဃ) မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုများကို လေ့လာနိုင်ကြစေရန်။

မြန်မာ့ရက်ကန်း လက်မှုအနုပညာ အထူးပြပွဲတွင် ရက်ကန်းလက်မှု အနုပညာသမိုင်းကြောင်းပြကွက်၊ မြန်မာ့မြေပေါ်မှ ရက်ကန်းလက်မှုအနုပညာပြကွက်နှင့် အခြားပြကွက်များ ပြသထားပါသည်။

## ရက်ကန်းလက်မှုအနုပညာ သမိုင်းကြောင်း

လူသားတို့အတွက် မရှိမဖြစ်လိုအပ်သော စား၊ ဝတ်၊ နေရေး အခြေခံအချက်များတွင် အဝတ်အထည်လည်း ပါဝင်ပါသည်။ လူသားတို့အတွက် ရာသီဥတုဒဏ် ကာကွယ်နိုင်ရန်၊ ယဉ်ကျေးမှုအရ ဝတ်ဆင်ရန်၊ အထိမ်းအမှတ်သင်္ကေတအဖြစ် ဝတ်ဆင်ရန်နှင့် အဆင့်အတန်းကို ပြသနိုင်ရန်တို့အတွက် ဝတ်ဆင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အဝတ်အထည်ကို မွေးဖွားချိန်မှ သေဆုံးချိန်အထိ မဖြစ်မနေ ဝတ်ဆင်ကြရပါသည်။

သမိုင်းမတင်မီခေတ်တွင် ရှေးဦးလူသားတို့သည် အဝတ်အထည်များကို ရက်လုပ်၍ မဝတ်ဆင်တတ်သေးမီအချိန်က တိရစ္ဆာန်သားရေများ၊ သစ်ရွက်သစ်ခက်များကို ဝတ်ဆင်ခဲ့ကြမည်ဖြစ်သည်။ ထို့နောက် သစ်ပင်မှရရှိသောလျှော်များ၊ ငှက်ပျောလျှော်များကို ရက်လုပ်ဝတ်ဆင်ခဲ့ကြပြီးနောက် ချည်ခင်များကို ထုတ်လုပ်တတ်လာကြသောအခါ ဂျပ်ခုတ်ကဲ့သို့သော လက်ရက်ကန်းများဖြင့် အဝတ်အထည်များကို ရက်လုပ်ဝတ်ဆင်လာခဲ့ကြသည်။ ရက်ကန်းစင်များကို တီထွင်တတ်လာကြသောအခါ အနံပိုမိုကျယ်ပြန့်သည့် အထည်များ ရက်လုပ်နိုင်သော ရက်ကန်းစင်များကို တီထွင်၍ အဝတ်အထည်များ ရက်လုပ်ခဲ့ကြလေသည်။ အထည်များကို ရက်လုပ်ရာ၌ သဘာဝမှရရှိသည့် ဆိုးဆေးများကို အသုံးပြုကာ အရောင်အသွေးမျိုးစုံ၊ အဆင်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံ ရက်လုပ်ခဲ့ကြသည်။

## မြန်မာ့မြေပေါ်မှ ရက်ကန်းလက်မှုအနုပညာ

မြန်မာ့မြေပေါ်၌ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ကာလကပင် လူသားမျိုးနွယ်စုများဖြစ်သည့် လူတူပရိုင်းမိတ်များ စတင်အခြေချနေထိုင်ခဲ့ကြပြီး သမိုင်းမတင်မီခေတ်များဖြစ်ကြသည့် ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ် ခေတ်အဆက်ဆက်တွင် ယဉ်ကျေးမှုများ အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်ပြောင်းလဲခဲ့သည့်နည်းတူ ရက်ကန်းအတတ်ပညာသည်လည်း မြန်မာ့မြေပေါ်တွင် ခေတ်အဆက်ဆက် တီထွင်၍ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းတတ်မြောက်ခဲ့ကြခြင်းဖြစ်ပါသည်။

## ကြေးခေတ် - သံခေတ်

မြန်မာနိုင်ငံတွင် ရက်ကန်းလက်မှုအတတ်ပညာထွန်းကားခဲ့သည့်အစောဆုံးအထောက်အထားများအဖြစ် လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ခန့်က ထွန်းကားခဲ့သည့် ကြေးခေတ် - သံခေတ်ဒေသများ၌ တူးဖော်ရရှိခဲ့သည့် ကြေးထည်ပစ္စည်းများပေါ်တွင် ကပ်တင်ကျန်ရစ်သော အဝတ်စအရာ အထောက်အထားများနှင့်အတူ ချည်ခင်ထုတ်ရာတွင် အသုံးပြုခဲ့ကြသည့် မြေကျင်သီးများကိုပါ တူးဖော်တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရက်ကန်းလက်မှုအတတ်ပညာသည် လွန်ခဲ့သော နှစ်သုံးထောင်ခန့်ကပင် ပေါ်ထွန်းနေပြီဖြစ်ကြောင်း ခိုင်မာစွာ ကောက်ချက်ချနိုင်ပါသည်။




မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ဘိန္နက ကြေးခေတ်-သံခေတ်ဒေသ၌ တူးဖော်ရရှိခဲ့သည့် ကြေးလက်နက်ပေါ်တွင် ကပ်တင်ကျန်ရစ်သည့် အဝတ်စအရာ။




မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဥမင် ကြေးခေတ်-သံခေတ်ဒေသမှ ကြေးလက်နက်ပေါ်တွင် ကပ်တင်ကျန်ရစ်သည့် အဝတ်စအရာ။

## ပျူခေတ် (ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု)

ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုအထိ ထွန်းကားခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းအကြိုခေတ်ဟုခေါ်ဆိုနိုင်သော ပျူခေတ်တွင်လည်း ရက်ကန်းအတတ်ပညာ ထွန်းကားခဲ့သည်။ အထောက်အထားအဖြစ် သရေခေတ္တရာမြို့ဟောင်း၏ နန်းတော်ရာအတွင်းမှ တူးဖော်ရရှိခဲ့သည့် အမိုးအုတ်ကြွပ်ပြားများပေါ်တွင် တွေ့ရသော အဝတ်စအရာများအရ သိရှိနိုင်ပါသည်။ ယင်းသို့ အဝတ်စအရာများကို တွေ့ရှိရခြင်းမှာ အုတ်ကြွပ်ပြားများပြုလုပ်သည့်အခါ ရွှံ့နှင့် မိုလ်ပုံစံအကြား ကပ်မနေစေရန်နှင့် ပြန်လည်ခွာယူရာ၌ လွယ်ကူစေရန် ကြားခံအဖြစ် အသုံးပြုခဲ့ခြင်း ဖြစ်ဟန်တူပါသည်။



သရေခေတ္တရာမြို့ဟောင်း၏ နန်းတော်ရာအတွင်း တူးဖော်မှုကုန်းအမှတ်-၂၉၊ ၄၄၊ ၄၅၊ ၄၆ တို့မှ တူးဖော်ရရှိသည့် အမိုးအုတ်ကြွတ်ပြားများပေါ်တွင် ကပ်တင်ကျန်ရစ်ခဲ့သည့် အဝတ်စအရာ။

ထို့အပြင် ပျူခေတ်ဝတ်စားဆင်ယင်မှုဆိုင်ရာ အထောက်အထားများအဖြစ် သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသည့် ပျူကချေသည် ကြေးရုပ်ငါးရုပ်၊ ခင်ဘကုန်းမှ တူးဖော်ရရှိသည့် ငွေတံခါးစောင့်နတ်ရုပ်များ၊ နန်းတော်ရာကုန်းမှ တူးဖော်ရရှိသည့် သဲကျောက်ချပ်မှ ရုပ်ကြွများ စသည်တို့ကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။



ခင်ဘကုန်းမှ တူးဖော်ရရှိသည့် ငွေတံခါးစောင့်နတ်ရုပ်။

## ပုဂံခေတ် (အေဒီ ၁၁ - ၁၃ ရာစု)

ပုဂံခေတ် (အေဒီ ၁၁ - ၁၃ ရာစု)တွင်လည်း ရက်ကန်းအတတ်ပညာ တိုးတက်ထွန်းကားခဲ့ကြောင်းကို ပုဂံရှေးဟောင်းဒေသမှ ဂူဘုရား ၁၅ ဆူတွင် တွေ့ရသည့် အဝတ်ပန်းချီများအရ သိနိုင်ပါသည်။ ပုဂံခေတ် ဝတ်စားဆင်ယင်မှုများနှင့် ပတ်သက်၍ အင်္ကျီအဖြစ် လက်ဖျားအစွန်းတွင် အကော့အညွှတ်နှင့် ကနုတ်များပါသည့် "တုယင်"ကို အဆင့်အတန်းမြင့်သူများက ဝတ်ဆင်ကြပြီး ရိုးရိုးအင်္ကျီ "ဖျင်"ကို အဆင့်အတန်းနိမ့်သူများ ဝတ်ဆင်ကြသည်။ အေဒီ ၁၃ ရာစုထိုး အစောကြွမ်းကျောက်စာနှင့် ဝိနည်းမိုရ်မင်စာများတွင် "ပုဆိုး" ဟူသည့်အသုံးကို တွေ့ရသည်။ အစောကြွမ်းကျောက်စာတွင် ရက်ကန်းရက်လုပ်သူကို "ရန်သည်"ဟု ရေးသားထားသဖြင့် ပုဂံခေတ်တွင် ရက်ကန်းအတတ်ပညာဖြင့် အသက်မွေးသူများလည်းရှိကြောင်းကို သိရှိနိုင်သည်။

## ပုဂံခေတ်နောက်ပိုင်းခေတ်များ

သမိုင်းစဉ်တစ်လျှောက် ပေါ်ထွန်းခဲ့သည့်ခေတ်များဖြစ်ကြသော ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊



ပျူကချေသည် ကြေးရုပ် ၅ ရုပ်။



နန်းတော်ရာကုန်းမှ တူးဖော်ရရှိသည့် သဲကျောက်ချပ်။

အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသဖြင့် ခေတ်အဆက်ဆက်တွင်လည်း မြန်မာ့ရိုးရာရက်ကန်းအတတ်ပညာတိုးတက်ထွန်းကားခဲ့လေသည်။ သဘာဝဆိုးဆေးများကို အသုံးပြု၍ အဝတ်အထည်များကို ဒီဇိုင်းအမျိုးမျိုးထွင်ကာ ရိုးရာမပျက် ရက်လုပ်ဝတ်ဆင်ခဲ့ကြကြောင်းကို ရုပ်တု၊ ရုပ်ကြွများ၊ သမိုင်းမှတ်တမ်းများ၊ ကျောက်စာများ၊ နံရံဆေးရေးပန်းချီများအရ သိရှိနိုင်ပါသည်။

ပင်းယခေတ် (အေဒီ ၁၃ - ၁၄ ရာစု) တွင်လည်း အဝတ်အထည် အဆင်ဒီဇိုင်းများကို တီထွင်၍ ဝတ်ဆင်လာခဲ့ကြသဖြင့် ရက်ကန်းလုပ်ငန်း တွင်ကျယ်ခဲ့သည်။

စာမျက်နှာ ၈ သို့ ☆

# ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)လေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် နှစ်နှစ်သားအရွယ်တွင် အရပ်အမြင့် လေးပေ ခြောက်လက်မ၊ ကိုယ်လုံး လုံးပတ် ခုနစ်ပေ လေးလက်မ၊ ကိုယ်အလေးချိန် ၁၃၉၅ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



☆ စာမျက်နှာ ၇ မှ

> ❛ **မြန်မာနိုင်ငံတွင် ရက်ကန်းလက်မှုအတတ်ပညာ ထွန်းကားခဲ့သည့် အစောဆုံးအထောက်အထားများအဖြစ် လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ခန့်က ထွန်းကားခဲ့သည့် ကြေးခေတ် - သံခေတ်ဒေသများ၌ တူးဖော်ရရှိခဲ့သည့် ကြေးထည်ပစ္စည်းများပေါ်တွင် ကပ်တင်ကျန်ရစ်သော အဝတ်စအရာ အထောက်အထားများနှင့်အတူ ချည်ခင်ထုတ်ရာတွင် အသုံးပြုခဲ့ကြသည့် မြေကျင်သီးများကိုပါ တူးဖော်တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရက်ကန်းလက်မှုအတတ်ပညာသည် လွန်ခဲ့သော နှစ်သုံးထောင်ခန့်ကပင် ပေါ်ထွန်းနေပြီဖြစ်ကြောင်း ခိုင်မာစွာကောက်ချက်ချနိုင်** ❜

မြန်မာသက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပင်းယသီဟသူမင်းလက်ထက်ရေးသားခဲ့သည့် ကဗျာတွင် "ခါးဝတ်တော်မှာ ရွှေခြည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မလုံသာ ချမ်းအေးမြ၊ မိုးသောက်ထ ရောင်ဖြူလာငယ်ကို"ဟု ပါရှိသဖြင့် ပုဆိုးကို 'ခါးဝတ်' ဟုခေါ်၍ အင်္ကျီကို 'ဝတ်လုံ'ဟု ခေါ်ဆိုခဲ့ကြောင်းနှင့် ရွှေခြည်ထိုးလုပ်ငန်းလည်း ပေါ်ပေါက်နေပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။ အင်းဝခေတ် (အေဒီ ၁၄ – ၁၆ ရာစု) တွင် ရက်ကန်းအတတ်ပညာများ ဆက်လက်ထွန်းကားခဲ့ကြောင်းကို ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် "ဗိုင်းမှုဝါမှု၊ ညီစေတုသို့၊ ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးတိတ်မျှ၊ မဆိတ်မည်၊ ချည်ဝင့်သံလည်း၊ တရံမပြတ်၊ ချားရဟတ်နှင့် ချည်သွတ်မချာ၊ ချည်စာယူထ၊ မအားကြ" ဟု ရေးစပ်ထားသည်ကို လေ့လာရ၍ အင်းဝခေတ်၌ အိမ်တိုင်းတွင် ရက်ကန်းလုပ်ငန်းကို လုပ်ဆောင်ကြကြောင်း သိရှိနိုင်ပါသည်။ ဟံသာဝတီ ပါမင်း အမှာတော်ပုံတွင် "လက်ချိတ်လွန်းပျံ၊ ဧကန်၊ သည်တွင် အစပေါ်လေပြီ"ဟု ဖော်ပြထားသဖြင့် ညောင်ရမ်းခေတ် (အေဒီ ၁၆ – ၁၈ ရာစု)တွင် လွန်းရာကျော် အချိတ်ဆင်များ ပေါ်ပေါက်နေပြီဖြစ်ကြောင်းကို သိရှိနိုင်ပါသည်။ ကုန်းဘောင်ခေတ် (အေဒီ ၁၈ –၁၉ ရာစု) တွင် ဆင်ဖြူရှင်မင်းတရားကြီး၊ ဘိုးတော်ဘုရားနှင့် ဘကြီးတော်မင်းတရား လက်ထက်များ၌ အာသံ၊ မဏိပူရမှ ကသည်းရက်ကန်းပညာရှင်များကို ခေါ်ဆောင်ကာ ပိုးမွေးမြူခြင်း၊ ရက်ကန်းရက်လုပ်ခြင်းတို့ကို ပြန်လည်သင်ကြားစေခဲ့သဖြင့် ကုန်းဘောင်ခေတ်တွင် ရက်ကန်းအတတ်ပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် နန်းတွင်းသူတို့သည် အနို့တပ်အင်္ကျီနှင့် နံကွဲထဘီများကို ဝတ်ဆင်ကြပြီး အရပ်သူများသည် ရင်ဖုံးအင်္ကျီ ခါးတိုလက်ပွများ၊ အနားတပ် နံကွဲထဘီများကို ဝတ်ဆင်ကြသည်။ မုံရွေးဆရာတော် ရေးသားသည့် ကုသပျို့တွင် "လွန်းကျော်လွန်းပျံ၊ လွန်းလှန်တိမ်ရိပ်၊ မိုးရိပ်တိမ်ပြင်၊ နီလွင်ညိုမောင်း၊ သက်တင်ချောင်းသို့၊ လွန်းပေါင်းတစ်ရာငါးဆယ်သာသည်၊ ရွှေဝါပုလဲ၊ အကွဲကွဲတည့်" ဟု စပ်ဆိုထားသဖြင့် ကုန်းဘောင်ခေတ်တွင် လွန်းရာကျော်ချိတ်များ ခေတ်စားကြောင်း သိရှိနိုင်ပါသည်။ ရတနာပုံခေတ်တွင် ကနောင်မင်းသားကြီး တည်ထောင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများအနက် ဝါဂွမ်းစက်ရုံများ၊ ရက်ကန်းစက်ရုံများလည်း ပါဝင်ခဲ့သဖြင့် ကုန်းဘောင်ခေတ်တွင် ရက်ကန်းလုပ်ငန်းများ အထွန်းကားဆုံးဖြစ်သည်။



ပေစာစည်းကြိုး

### ပေစာစည်းကြိုးများ

မြန်မာတို့၏ ရက်ကန်းလက်မှုအနုပညာအကြောင်းကို ဖော်ပြပါက ပေစာစည်းကြိုးများသည်လည်း မပါမဖြစ်ဖော်ပြရမည် ဖြစ်ပါသည်။ ရက်ကန်းလက်မှုအနုပညာဖြင့် ဖန်တီးထားသည့် ပေစာစည်းကြိုးများသည် မြန်မာ့စာပေတွင် အရေးပါသော စာပေအထောက်အထားများ ဖြစ်ကြသည်။ ဗုဒ္ဓသာသနာတော်အတွက် မရှိမဖြစ်လိုအပ်သည့် ပိဋကတ်တော်များကို ပေထက်အက္ခရာတင်၍ ဗုဒ္ဓသာသနာတော် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပေစာထုပ်များကို စည်းနှောင်ရန်ကြိုးများကို 'စာစည်းကြိုး'ဟု ခေါ်ဆိုပါသည်။ အေဒီ ၁၈ ရာစုက ပြုလုပ်ခဲ့သည့် အစောဆုံးစာစည်းကြိုးများကို တွေ့ရှိရသဖြင့် စာစည်းကြိုးများကို ထိုကာလထက်စော၍ ပြုလုပ်ခဲ့ကြဖွယ်ရှိပါသည်။ ထိုစာစည်းကြိုးများသည် ကြိုးပြားတစ်ချောင်းတည်းဖြစ်စေရန် ရက်လုပ်ထားခြင်းဖြစ်သည်။ စာစည်းကြိုးများတွင် အလှူရှင်၏ ဆုတောင်းစာများကို ရက်လုပ်ထားတတ်ပြီး အချို့သော ပေစာစည်းကြိုးများတွင်မူ ပန်းကနုတ်၊ ငှက်ရုပ် စသည်တို့ကိုသာ ရက်လုပ်ထားတတ်ကြသည်။ ပေစာထုပ်ကို လှူဒါန်းသည့် အလှူရှင်၏ ဆုတောင်းစာကို စာတစ်ကြောင်းတည်းဖြင့် ဖော်ပြနိုင်ရန်အတွက် ချည်ကိုအသုံးပြု၍ စာလုံးများကို အသေးစိတ်ပေါ်လွင်စေရန် ရက်လုပ်ထားသည်မှာ အနုပညာလက်ရာမြောက်လှပြီး မြန်မာတို့၏ရက်ကန်းလက်မှုအနုပညာကို လေးစားအသိအမှတ်ပြုရမည် ဖြစ်ပါသည်။ ယခုခေတ်တွင် ပေစာစည်းကြိုး ရက်လုပ်တတ်သူများ မရှိကြတော့ပါ။ ထို့ကြောင့် ရှိပြီးသော ပေစာစည်းကြိုးများကို အများပြည်သူအနေဖြင့် တန်ဖိုးထား ထိန်းသိမ်းသင့်ပါသည်။ ယခုပြပွဲတွင် ရတနာပုံခေတ်လက်ရာ ရမည်းသင်းမြို့သူကြီး၏ ဆွေမျိုးများ လှူဒါန်းထားသည့် ပေစာစည်းကြိုးကိုလည်း ဗဟုသုတရဖွယ်ပြသထားပါသည်။

### အခြားပြကွက်များ

အခြားပြကွက်များအဖြစ် ချည်ထည် ရက်ကန်းရက်လုပ်ရန်အတွက် ဝါပေါက်မှ ချည်ခင်ထုတ်ယူသည်အထိ အဆင့်များကို ရှင်းလင်းချက်များဖြင့် ပြသထားသည်။ မြန်မာ့ရိုးရာ ရက်ကန်းစင်၊ ဂျပ်ခုတ်ရက်ကန်းတို့ကိုလည်း လေ့လာနိုင်ရန် ပြသထားပြီး အင်းလေးကြာချည် ရက်လုပ်ပုံနှင့် ကြာတဘက်၊ ကြာသင်္ကန်းများကို ပြသထားသည်။ အချိတ်ဒီဇိုင်းများ၊ ရွှေချည်ထိုးရက်လုပ်ပုံများကိုလည်း လေ့လာနိုင်ကြမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် အမျိုးသား အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများနှင့် တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၏ ဝတ်စားဆင်ယင်မှုများကိုလည်း လေ့လာနိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ရက်ကန်းလက်မှုအနုပညာအကြောင်း၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုများနှင့် တိုင်းရင်းသားလူမျိုးကြီးများ၏ ဝတ်စားဆင်ယင်မှုများကို သိရှိနိုင်ကြစေရန်အတွက် "မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ"သို့ လာရောက်လေ့လာကြပါရန် ဖိတ်ကြားလိုက်ပါသည်။ ။

**ရည်ညွှန်းချက်**

**စောမုံညင်း(၁၉၈၉) မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု၊ စာပေဗိမာန်**
**စိန်ဝင်း၊ ရေနံ့သာ(၁၉၉၆) မြန်မာ့ရိုးရာရက်ကန်းပညာ၊ စာပေဗိမာန်**
**ရွှေကိုင်းသား (၂၀၀၅) ဆင်ယင်ထုံးဖွဲ့မှု၊ ကြီးပွားရေးစာအုပ်တိုက်**
**တူးဖော်မှုအစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**Pautreau, Jean–Pierre et al;(2020) Iron Age Burials in Myanmar**

## ပန်းတနော်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပန်းတနော် ဇူလိုင် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မိုးကုတ်ကျေးရွာအုပ်စု၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပန်းတနော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးနိုင်ထွန်းလင်းနှင့်အဖွဲ့ဝင်များက မိုးကုတ်ကျေးရွာအုပ်စုတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့် စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁,၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ် ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ် တစ်အုပ်လျှင် ငွေကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီ ဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း (ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင် (ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




နေပြည်တော် ဇူလိုင် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပရိဝုဏ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီးတို့က ငါးသားပေါက်များကို ဝန်ကြီးဌာနရှိ လျှိုပိတ်ဆည်အတွင်းသို့ ဦးစွာစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးသည့် ငါးသားပေါက် ၃၀၀၀၀ ကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရတနာတန်းဝင်ကျွန်းပင် ၄၅ ပင်၊ သရက်ပင် ၁၃၀၊ ပျဉ်းကတိုးပင် ၃၀၊ မဟော်ဂနီပင် ၃၀၊ စိန်ပန်းပင် ၄၀၊ မဲဇလီပင်၃၀၊ မန်ကျည်းပင်၃၀၊ ယူကလစ်ပင်၃၀၊ ပိတောက်ပင်၃၀၊ ခရေပင်၄၀၊ စစ်ပင် ၃၀၊ ကံ့ကော် ၁၀၊ ငုဝါ ၁၀နှင့် ရေတမာငါးပင် စုစုပေါင်းသစ်ပင် ၄၉၀ ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ထိုသို့ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ချောင်းမကြီးဆည်နှင့် ငလိုက်ဆည်တို့မှ မြို့ရေပေးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် ချောင်းမကြီးဆည်နှင့် ငလိုက်ဆည်တို့မှ မြို့ရေပေးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ရေဆင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ စိုက်ပျိုးရေပေးဝေနေမှု၊ ဇေယျာသီရိမြို့နယ်အတွင်း ရေဆိုးထုတ်မြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို အမြဲမပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေများ အလေ့အလွင့် မရှိစေရေးနှင့် စနစ်တကျ သုံးစွဲစေရေး ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေမြောင်းများ၊ ချောင်းရိုးများနှင့် ရေဆိုးထုတ်မြောင်းများ



အတွင်း အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး၊ ဒိုက်များ ရှင်းလင်းဖယ်ရှားရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးတို့ကို ပုံမှန်ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အောင်ငြိမ်းချမ်း သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အောင်ငြိမ်းချမ်းရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အမှတ်(၄၂) အခြေခံပညာ မူလတန်းကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အစည်းအဝေးတွင် အသင်းလီမိတက်ဥက္ကဋ္ဌ ဦးမြသောင်းက အမှာစကားပြောကြားပြီး အစုပေါ် အမြတ်ငွေများကို အသင်းသားများအား ထုတ်ပေးခဲ့သည်။



ဆက်လက်၍ ရွှေလင်ပန်း အသေးစား ချေးငွေလုပ်ငန်း၊ သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အသင်းဥက္ကဋ္ဌ ဦးတင့်ဆန်းက အမှာစကား ပြောကြားပြီး အသင်းသားများအား အစုပေါ် အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာ ကျောင်းတိုက်တွင် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

လှည်းကူး ဇူလိုင် ၂၃

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနက ကျင်းပသော ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲက မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာ ကျောင်းတိုက်ဝင်းအတွင်း ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသနေပြည်သူတို့က ကျွန်းပင် ၆၀၊ မဟော်ဂနီပင် ၂၈၀၊



ပျဉ်းကတိုးပင် ၅၀၊ ကံ့ကော်ပင် ၅၀၊ ပိတောက်ပင် ၃၀၊ မန်ဂျန်ရှားပင် ၁၂၂၀ စုစုပေါင်းအပင် ၂၈၉၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည်။



**ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်**

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းပြီး စည်းမျဉ်း/ စည်းကမ်းများ၊ လူမှုကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကိုအရာထမ်း ၁၁ ဦးဖြင့် ဖွဲ့စည်းပေးထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ အရာထမ်း/အမှုထမ်းများအနေဖြင့် ယခုအခမ်းအနားက ရရှိမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင် ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ပြန်လည်မျှဝေပေးပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံးစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား သွားရောက်အားပေး



**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းအတွင်း၌ တိုင်းဒေသကြီး/ ပြည်နယ်အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအားကစားသမားများ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများအလိုက် ဆုများ ရရှိအောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် လေ့ကျင့်နေသည့်ကာလအတွင်း ကျန်းမာရေး အထူးဂရုပြုနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် နေထိုင်စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များအား လိုအပ်ချက်မရှိအောင် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံအတွင်း တိုင်းဒေသကြီး/ပြည်နယ်အသက် ၂၅ နှစ်အောက် ဖူဆယ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဖူဆယ် အားကစားသမားများ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အားကစားသမား များအား အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ တကောင်းမြောင်း ရေစီးရေလာအခြေအနေ၊ မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက် အင်းလျားရိပ်သာလမ်းရှိ အင်းလျားကန်ရေပိုလွှဲ ရေစီးရေလာအခြေအနေနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ပြည်လမ်းနှင့် ပါရမီလမ်းဆုံနေရာတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ပြည်လမ်းနှင့် ပါရမီလမ်းအား လမ်းသားတိုးချဲ့ခင်းကျင်းခြင်းနှင့် လူသွားစင်္ကြံ ပြုလုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြို့တော်ဝန်က ကမ်းစပ်တစ်လျှောက် မြက်ပင်ချုံနွယ်များရှင်းလင်းရန်၊ ကန်ရေမျက်နှာပြင် အမှတ်အသားများ မြင်သာထင်ရှားစွာ ဆောင်ရွက်ထားရှိရန်၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ ရေစီးရေလာ ကောင်းမွန်စေရန် လမ်းဘေးရေမြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်၊ လမ်းသားတိုးချဲ့ခြင်း လုပ်ငန်းပြီးစီးပါက လမ်းညွှန်အမှတ်အသားများ စနစ်တကျ ရေးဆွဲထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကော့သောင်းမြို့၌ အပြည်ပြည်ဆိုင်ရာ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**ကော့သောင်း ဇူလိုင် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဒီရေတောများ အရေးပါပုံနှင့် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက အလက (ခွဲ)ရွှေဟင်္သာကျောင်း၌ ပြုလုပ်သည်။

ဦးစွာကော့သောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းထက်အောင်-၂က ဒီရေတောများအကြောင်း၊ ဒီရေတောအရေးပါပုံနှင့်ဒီရေတောရှိခြင်း၏ကောင်းကျိုး/ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများနှင့် သစ်တောဝန်ထမ်းများက ကျောင်းပတ်ဝန်းကျင်အတွင်း ပျဉ်းကတိုး ၁၅ ပင်၊ မဟော်ဂနီ ၂၅ ပင်၊ ခရေ ၁၀ စုစုပေါင်းပျိုးပင် ၅၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းနေတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်ခြင်းနှင့်ပတ်သက်ပြီး အခြေခံဥပဒေဆိုင်ရာကိစ္စများကို အသိပေးပြောကြားပါမယ်။ ယာယီသမ္မတဦးမြင့်ဆွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ဇူလိုင်လ ၁၈ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ယာယီသမ္မတဦးမြင့်ဆွေကို အထူးဆေးကုသမှုအဖွဲ့နဲ့ ဂရုတစိုက်ကုသပေးလျက်ရှိပါတယ်။ သို့သော် ယာယီသမ္မတတာဝန်များကိုပြန်လည်ထမ်းဆောင်နိုင်ရန် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုမရှိသေးတဲ့အတွက် တာဝန်လွှဲအပ်ခြင်းကို မနေ့ကပြုလုပ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးစွာ အသိပေးပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာမှု၊ ပုဒ်မ ၄၁၂ အရ အရေးပေါ်အခြေအနေ ကြေညာမှုနဲ့ ဒီနှစ်ခုကို ဆက်စပ်ပြီး ဆောင်ရွက်ကြည့်မယ်ဆိုရင် အရေးပေါ်ကာလမပြီးမြောက်သေးတဲ့ကာလအတွင်းမှာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှာ ပါဝင်တဲ့ပုဂ္ဂိုလ်အချို့ လစ်လပ်သွားစေကာမူ ကျန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့တာဝန်တွေကို မလွဲမသွေ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၄၁၂ (ခ) မှာဆိုရင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နဲ့ ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာနိုင်သည်လို့ ပြဋ္ဌာန်းထားတာ ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ယာယီသမ္မတရဲ့ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီသမ္မတ လစ်လပ်သွားရင် ပုဒ်မ ၄၁၂ (ခ)မှာပါတဲ့ အခြေခံဥပဒေရဲ့သဘောတရားများအရ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အဓိကဆုံးဖြတ်ပေးရတဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီအစည်းအဝေးကို ဦးဆောင်ရန်အဖို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စား လက်တွေ့ကျင့်သုံးဆောင်ရွက်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌကိုပဲ လွှဲပြောင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲမှာတစ်ခုရှိတာကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဘာကြောင့် ဦးဆောင်မှု မပြုရသလဲဆိုတာနဲ့ ပတ်သက်ပြီး ပုဒ်မ ၄၁၈ မှာတော့ ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်ဥက္ကဋ္ဌပဲရှိပြီး လွှတ်တော်ကြီးမရှိတော့ဘူး။ လွှတ်တော်ဥက္ကဋ္ဌ ဆက်လက်တည်ရှိနေတာကလည်း ပုဒ်မ ၄၂၄ အရ လွှတ်တော်ဥက္ကဋ္ဌအသစ်များ ရွေးကောက်တင်မြှောက်ပြီးပါက တာဝန်လွှဲပြောင်းရေးအတွက်သာ ကျန်ရှိနေခြင်းဖြစ်လို့ဖြစ်ပါတယ်။ အခြားသော မေးခွန်းတွေဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ယာယီသမ္မတအဖြစ် ဆောင်ရွက်မှာလား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ်ပဲ ဆောင်ရွက်မှာလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးပြောရရင် မနေ့က ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်ထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုင်ရာ ကိစ္စရပ်များအလို့ငှာ ယာယီသမ္မတ တာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းအပ်နှံ တာဝန်ထမ်းဆောင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေပုဒ်မ ၄၃၁ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာကိုကျင့်သုံးရာမှာ နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ အစိုးရအဖွဲ့တို့ကပဲ ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အတိုင်း မပြောင်းမလဲ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ အထူးအလေးထားပြောကြားလိုတာကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မလွဲမသွေကျင်းပသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**




## ခန္တီးမြို့ ပေါမိုင်းရပ်ကွက် သာစီရပ်ရှိ ချင်းတွင်းမြစ် ကမ်းနားလမ်းတာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်များအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ခန္တီးမြို့ ပေါမိုင်းရပ်ကွက် သာစီရပ်ရှိ ချင်းတွင်းမြစ် ကမ်းနားလမ်းတာပေါင်ဖို့ခြင်း လုပ်ငန်းများအား စုပေါင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကော့သောင်းမြို့၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားပြုလုပ်

ကော့သောင်း ဇူလိုင် ၂၃

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏တည်ဆဲဥပဒေများနှင့်အညီ ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်)ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကော့သောင်းမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချိုက အဖွင့်မှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနရုံးက လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုကြည်က အခွန်ဆိုင်ရာစီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပြေစာအမှတ်တံဆိပ် (အခွန်အမှတ်တံဆိပ်)ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဟိုတယ်နှင့် တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရွှေဆိုင်နှင့် မိုဘိုင်းဖုန်းဆိုင်များ အစရှိသည့် လုပ်ငန်းအသီးသီးမှ လုပ်ငန်းရှင် ၅၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အသေးစားကုန်ထုတ်လုပ်ငန်းများ ရှင်းလင်းခြင်းနှင့် တာဝန်ပေးအပ်ပွဲ ကျင်းပ

ပုသိမ် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ယမန်နေ့နံနက်ပိုင်းက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းရှင်းလင်းခြင်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ဖြိုးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနဦးစီးမှူးတို့က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြရာ စီမံကိန်းကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအတွက် စီမံကိန်းကော်မတီဝင်များအား စီမံကိန်းလုပ်ငန်းတာဝန်များ လွှဲပြောင်းပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# ပုသိမ်၌ ဝိသုဒ္ဓိမ အကြိမ်(၂၀)မြောက် ဝါတွင်းကာလ မဟာသံဃိကဒါန အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူပွဲ ကျင်းပ

**ပုသိမ် ဇူလိုင် ၂၃**

ဝိသုဒ္ဓိမ အကြိမ်(၂၀)မြောက် ဝါတွင်းကာလ မဟာသံဃိကဒါန အရုဏ်ဆွမ်း လောင်းလှူပွဲကို ယနေ့နံနက် ၄ နာရီခွဲက ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိ ဝိသာခါ (ဒေါ်လှယဉ်ဓမ္မာရုံ)၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး တက်ရောက်၍ အရုဏ်ဆွမ်း လောင်းလှူကြသည်။

**အရုဏ်ဆွမ်းများ လောင်းလှူ**

ဦးစွာ ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက် ၁၆၀ တွင် ဝါဆိုဝါကပ်တော်မူပြီး အရုဏ်ဆွမ်းခံကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ် ၂၅၀၃ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော စေတနာရှင်အလှူရှင်များက အရုဏ်ဆွမ်းများ လောင်းလှူပူဇော်ခဲ့ကြပြီး ဝါတွင်းကာလ ဝိသုဒ္ဓိမ အကြိမ်(၂၀)မြောက်အရုဏ်ဆွမ်းလောင်းလှူပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ဆရာတော်သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များအား နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ဂုဏ်ပြုလွှာပေးအပ်**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ဆွမ်းအာဟာရအလှူရှင် အနုမောဒနာ ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ပြီး အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု”သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဝန်ကြီးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ပုသိမ်မြို့ ဝိသုဒ္ဓိမ အကြိမ်(၂၀)မြောက် မဟာသံဃိကဒါန အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူပွဲကို ဝါတွင်းကာလ တစ်လျှောက် စေတနာရှင် အလှူများက နေ့စဉ် လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လှည်းကူးမြို့နယ် အဝိုင်းအနောက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် အဝိုင်းအနောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကောဝိဒါရာမကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၁၃ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ ဖျားနာရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးလှိုင်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မဖြစ်ပေါ်မီ အခြေအနေတွင် ကြိုတင်ပြင်ဆင်မှုများ၊ ဖြစ်ပေါ်လာပါက အရေးပေါ် တုံ့ပြန်ကာကွယ်နိုင်မှုများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က ကျား၊ မရေးရာ အခြေခံသဘောတရားများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်း ၁၈၅ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၁၂၉ ဦး စုစုပေါင်း ၁၃၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကလေးမြို့နယ် စုပေါင်းရုံး၌ မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကျင်းပ

**ကလေး ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် တောင်သူများထံသို့ မျိုးစေ့ချကိရိယာ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကလေးမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလေးခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်က မျိုးစေ့ချကိရိယာကိုသုံးစွဲခြင်းဖြင့် ပျိုးနုတ်ခ ကောက်စိုက်ခများ သက်သာခြင်း၊ တစ်ကြောင်းဆွဲလျှင် ရှစ်တန်းအထိ မျိုးစေ့ချပေးနိုင်သဖြင့် လုပ်ငန်းပြီးစီးမှုပိုမိုမြန်ဆန်ခြင်း၊ ပင်ကြားတန်းကြား ညီညာစွာစိုက်ပျိုးထားသောကြောင့် ကြားပေါင်းလိုက်ရန်လွယ်ကူခြင်း၊ လေဝင်လေထွက်ကောင်းမွန်ပြီး မျိုးစေ့ကုန်ကျမှု အချိန်ကုန်ကျမှု သက်သာခြင်း၊ စပါးအထွက်နှုန်းပိုမိုကောင်းမွန်ခြင်းနှင့် မျိုးစေ့ချကိရိယာပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

**ပေးအပ်**

ထို့နောက် ကလေးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက ကလေးမြို့နယ်အတွက် မျိုးစေ့ချကိရိယာ အလက် ၇၀၊ ကလေးဝမြို့နယ်အတွက် အလက် ၂၀၊ မင်းကင်းမြို့နယ်အတွက် ၁၀ လက်၊ စုစုပေါင်းမျိုးစေ့ချကိရိယာအလက် ၁၀၀ ကို ဒေသခံတောင်သူများထံ ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကလေးခရိုင်တွင် မိုးစပါး ၁၇၈၅၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီက ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးသင်တန်းများနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အင်ဒိုနီးရှားနိုင်ငံ၌ အုန်းသီးစွန့်ပစ်ပစ္စည်းမှ ဇီဝလောင်စာထုတ်လုပ်ရေးလုပ်ငန်းမြှင့်တင်မည်

ဂျကာတာ ဇူလိုင် ၂၃

အင်ဒိုနီးရှားနိုင်ငံ၌ အုန်းသီးစွန့်ပစ်ပစ္စည်းမှ တစ်ဆင့် ဇီဝလောင်စာထုတ်လုပ်ရေးလုပ်ငန်း၏ အရေးပါပုံကို သမ္မတဂျိုကိုဝီဒိုဒိုက အလေးပေးပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာ သတင်းအရ သိရသည်။

နိုင်ငံအတွင်း အုန်းသီးစွန့်ပစ်ပစ္စည်းမှ တစ်ဆင့် ဇီဝလောင်စာထုတ်လုပ်နေပြီး ယင်းလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက အရှေ့ဂျာဗားပြည်နယ် ဆူရာဗာယာတွင် ကျင်းပသည့် (၅၁)ကြိမ်မြောက် နိုင်ငံတကာ အုန်းနည်းပညာညီလာခံနှင့် ပြပွဲတွင် ပြောကြားခဲ့သည်။




အုန်းသီးမှထုတ်လုပ်သည့် ဇီဝလောင်စာသည် နိုင်ငံတကာဈေးကွက်နှင့် ကိုက်ညီမှုရှိပြီး နိုင်ငံအများအပြားတွင် ဝယ်လိုအား မြင့်တက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံအတွင်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းကို မြှင့်တင်သည့်အနေဖြင့် အုန်းသီးမှ ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းနှင့်အတူ ကော်ဖီနှင့် ငရုတ်ကောင်းစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းကို မြှင့်တင်ရမည်ဟု ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း အုန်းစိုက်ပျိုးမြေဧက ဟက်တာ ၃ ဒသမ ၈ သန်းရှိပြီး ကမ္ဘာ့ဒုတိယမြောက် အုန်းသီးထုတ်ကုန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# တရုတ်နှင့် ရုရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မည်

မော်စကို ဇူလိုင် ၂၃

(၁၁)ကြိမ်မြောက် တရုတ်-ရုရှား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးကို ယမန်နေ့က ရုရှားနိုင်ငံ မော်စကို၌ ကျင်းပရာ ရုရှားနိုင်ငံဒုတိယဝန်ကြီးချုပ် (၁) ဒန်းနစ် မန်တူရောဗ့်နှင့် ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒင်ရွှေးရှောင်တို့တက်ရောက်ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ကတိပြုခဲ့ကြကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။



မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်သည် နှစ်နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာမြောက်သည့် စီမံခန့်ခွဲမှုအောက်တွင် တိုးတက်မှုများရှိခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံသားများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် ရလဒ်များကို ရရှိခဲ့ကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

(၁၀)ကြိမ်မြောက် တရုတ်-ရုရှား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး၌ နှစ်နိုင်ငံအကြား အဓိကစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခဲ့ပြီး အပေါင်းလက္ခဏာဆောင်သည့် ရလဒ်များကို ရရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့်အရေးကြီးသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအားဖြင့် မိမိတို့နှစ်နိုင်ငံအား အကျိုးကျေးဇူးများရရှိစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်းကို နားလည်သဘောပေါက်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ မိမိတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များရရှိခဲ့ပြီး တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်ခြင်းမှ သက်ဆိုင်ရာနိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုရရှိရေးအတွက် ရုရှားနိုင်ငံက ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) ဒန်းနစ် မန်တူရော့ဗ်က ထပ်လောင်းပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံ၌ ကာဗွန်ဓာတ်ငွေ့ သိုလှောင်ထိန်းချုပ်ရေးဆိုင်ရာစည်းမျဉ်းရေးဆွဲမှု အပြီးသတ်အဆင့်သို့ ရောက်ရှိ




ဂျကာတာ ဇူလိုင် ၂၃

အင်ဒိုနီးရှားနိုင်ငံသည် ကာဗွန်ဓာတ်ငွေ့ သိုလှောင်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းရေးဆွဲရာတွင် အပြီးသတ်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

၎င်းစည်းမျဉ်းသည် ကမ္ဘာတစ်ဝန်း ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတွင် အကူအညီပေးမည်ဖြစ်သည်။

နိုင်ငံအတွင်း ကာဗွန်ဓာတ်ငွေ့သိုလှောင်ထိန်းချုပ်ရေးဆိုင်ရာစည်းမျဉ်း အသက်ဝင်လာစေရေးအတွက် သမ္မတ ဂျိုကိုဝီဒိုဒို၏ အတည်ပြုချက်ရရှိရေး ဆောင်ရွက်နေကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူ ဒါဒန်ကတ်စ်ဒီနာက ပြောကြားသည်။

ယင်းစည်းမျဉ်းအရ အင်ဒိုနီးရှားနိုင်ငံအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အခြားကာဗွန်စွမ်းအင်အရင်းအမြစ်များသုံးစွဲခြင်းကို မြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကမ္ဘာပေါ်တွင် ကျောက်မီးသွေးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့ရောင်းချမှု အများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို နိုင်ငံတကာအကူအညီဖြင့် ၄၃ ဒသမ ၂ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မေလတွင် အင်ဒိုနီးရှားနိုင်ငံ ကာဗွန်ဓာတ်ငွေ့ သိုလှောင်ထိန်းချုပ်ရေးစင်တာကို စတင်ဖွင့်လှစ်ခဲ့ပြီး ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းများကို အကူအညီပေးရန် ဆောင်ရွက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းဖြစ်လာဖွယ်ရှိ

ဝါရှင်တန် ဇူလိုင် ၂၃

အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန် ကိုယ်စားလှယ်များ၏ ထောက်ခံမှုရရှိထားကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

မကြာမီအချိန်တွင် ပါတီ၏ သမ္မတလောင်းအဖြစ် တရားဝင်အမည်စာရင်းတင်သွင်းမှုကို လက်ခံရရှိရန် မျှော်လင့်လျက်ရှိကြောင်း ကင်မလာဟဲရစ်က ဇူလိုင် ၂၂ ရက်က ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီအတွင်း သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းရန် ကိုယ်စားလှယ်အရေအတွက် နည်းပါးလျက်ရှိချိန်တွင် ပါတီကိုယ်စားလှယ်များက ဟဲရစ်အား ထောက်ခံမှုမြင့်မားလျက်ရှိကြောင်း သိရသည်။

ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရန် ကိုယ်စားလှယ် ၄၀၀၀ ၏ထောက်ခံမှုရရှိရန် လိုအပ်သည်။

ဟဲရစ်သည် သူ့အားထောက်ခံသည့် ကိုယ်စားလှယ်အရေအတွက် ၂၆၆၈ ဦး ရှိပြီဖြစ်ကြောင်းနှင့် လိုအပ်သည့် အရေအတွက် ၁၉၇၆ ဦးထက် သိသိသာသာ ပိုများလျက်ရှိကြောင်း အေပီသတင်းဌာန၏စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတလောင်းအမည်စာရင်းတင်သွင်းမှုကို ဩဂုတ် ၇ ရက်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဒီမိုကရက်တစ် အမျိုးသားကော်မတီက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ရုပ်ကြွင်းလောင်စာအရင်းအမြစ်မှ မဟုတ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်

နယူးဒေလီ ဇူလိုင် ၂၃

အိန္ဒိယနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ရုပ်ကြွင်းလောင်စာအရင်းအမြစ်မှ မဟုတ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်နေကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မနိုဟာလားက ယမန်နေ့တွင် ပြောကြားသည်။

**အစီရင်ခံစာတွင် ဖော်ပြထား**

၂၀၃၀ ပြည့်နှစ်အရောက်တွင် ရုပ်ကြွင်းလောင်စာအရင်းအမြစ်မှ မဟုတ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်ရန် ရည်မှန်းချက်ထားရှိ ဆောင်ရွက်နေကြောင်း အိန္ဒိယပါလီမန်သို့တင်သွင်းသည့် ယင်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ရုပ်ကြွင်းလောင်စာအရင်းအမြစ်မှ မဟုတ်သည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုသည် ၄၅ ဒသမ ၅ ရာခိုင်နှုန်းရောက်ရှိနေပြီး ပြီးခဲ့သည့်နှစ်များအတွင်းမှစတင်၍ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်တက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ လက်ရှိအချိန်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုမှလည်း မြင့်တက်လာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရေး ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အမျိုးသမီး ၁၇ ဦးအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၃

အမျိုးသမီး ၁၇ ဦးအား ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ သန့်ဇင်မော်(ခ)မာမီနှင့် ဝင်းကျော်သူတို့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မ----၊ ၂၇/၂၀၂၃ နှစ်ပါ အမျိုးသမီး ၁၇ ဦး ကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် တောင်ထိပ်ပန်းလမ်းရှိ နေအိမ်တွင် ပိတ်လှောင်ထားပြီး ပြည့်တန်ဆာလုပ်ငန်းတွင် အဓမ္မခိုင်းစေပြီးရရှိသည့် ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် သုဝဏ္ဏနယ်မြေရဲစခန်း (ပ)၄၄၈/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သည့် တရားခံ သန့်ဇင်မော်(ခ) မာမီနှင့် ဝင်းကျော်သူတို့ နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် သဃ်န်းကျွန်းခရိုင်တရားရုံးက ဇူလိုင် ၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် JBL Porty Box ခုနစ်လုံးအပါအဝင် ကုန်ပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးစခန်း၌ တံတားဦးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် SOJEN Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ တရားမဝင်အခြားသစ် သုည ဒသမ ၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၅၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဇူလိုင် ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Hijet လေးစီး၊ Honda Fit တစ်စီး၊ Isuzu တစ်စီး၊ Toyota BB တစ်စီးနှင့် Nissan Liberty တစ်စီး စုစုပေါင်းယာဉ်ရှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၃၇၅၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၂ ရက်တွင် ဝင်ရောက်စီးနင်းပြီး ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးကာ ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ လောင်းလုံးမြို့နယ်အတွင်းရှိ ရင်းဘုတ်ကျေးရွာ၊ ပြင်ချောင်းကျေးရွာနှင့် အနီးဝန်းကျင်တစ်ဝိုက်တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၂ ရက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ပြီး ထိုသို့လုံခြုံရေးဆောင်ရွက်ရာတွင် ၎င်းကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန်အတွက် လုံခြုံရေးဆောင်ရွက်ရာ နေရာဒေသများအနီးရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများကိုဖမ်းဆီးခြင်း စသည့်လုံ့ဆော်ဝါဒဖြန့် သတင်းမှားများဖြင့် အများပြည်သူ စိုးရိမ်ထိတ်လန့်လာစေပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၇-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပုဂံနှင့်ယွန်းထည်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၂၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၄၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၁၃)
- ၁၃:၀၅ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၃၀)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၀၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၃၅ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၁၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ (၂၄)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ)(ဝိသနာရှင်(ပထမတန်း)အဆင့်)(ဒုတိယဆု) 'မဟော်သဓာဇာတ်တော်ကြီး' (ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)

### mitv

- 07:01 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:09 Traditional Myanmar Theatrical Performance: Choral Dance Dedicating to Elegant Nat (Ma Ngwe Taung)
- 07:22 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
- 07:48 Prospective Special Economic Zones in Myanmar
- 08:01 News
- 08:26 Global Updates: Climate threat and human activity
- 08:35 Nyaung Oo Phee Island
- 09:01 Artistic Values & Aesthetic Traditions
- 09:24 Home for the Beautiful Star Tortoises
- 09:41 San Lin Tun (Winner) Lose2Win with Andy Season 2
- 10:01 News

### MRTV NRC

- ရှမ်း (၀၆:၀၀ မှ ၀၈:၀၀) အင်းသားလေ့လော့ကမ္ဘာကျော်
- ဝ (၀၈:၀၀ မှ ၁၀:၀၀) မုန့်ပတ်ထောင်းပြုလုပ်နည်း
- ကချင် (၁၀:၀၀ မှ ၁၂:၀၀) လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
- ကယား (၁၂:၀၀ မှ ၁၄:၀၀) စိတ်ဝင်စားဖွယ်ကယားမြေက အောင်သပြေလိုက်ဂူ
- ပကောကရင် (၁၄:၀၀ မှ ၁၅:၀၀) အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်
- အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀) ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၄)
- အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀) ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ
- ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀) ဝက်သားနှင့်ပိန်းဖူးချက်ပြုတ်နည်း
- ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀) လည်ပတ်ချင်စရာ ချပ်ကျေးရွာ (အပိုင်း-၁)
- မွန် (၁၉:၀၀ မှ ၂၁:၀၀) မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း
- ရခိုင် (၂၁:၀၀ မှ ၂၃:၀၀) ရခိုင်ရိုးရာလယ်ထွန်မင်္ဂလာနေ့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၃)
- ၁၈:၀၀ Economic Review

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ မြန်မာတို့ရဲ့ပပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းပဲကြော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Puss in Boots: The Last Wish (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Busy Day On The Farm
- ၂၂:၃၀ ငပွေး(ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၆:၁၀ ဘောလုံးအခြေခံအားကစားနည်းစနစ်များ
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# နိုင်ငံတော်အစိုးရက အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာနိုင်ငံမှ သံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

## ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီဂျစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအေးသီရိမိုးအား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးအနေဖြင့် အီဂျစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဌာနတွင် မအေးသီရိမိုး တရားမဝင်နေထိုင်ခဲ့မှုအတွက် သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်ခြင်းနှင့် valid visa လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ဇူလိုင် ၂၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၅၀ ၌ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့၍ ရန်ကုန်မြို့သို့ ဇူလိုင် ၂၃ ရက် ယနေ့ ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

## ဒူဘိုင်းမြို့သို့ရောက်ရှိ

မြန်မာနိုင်ငံသူ မအေးသီရိမိုးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်ရန် အေးဂျင့်များ ချိတ်ဆက်ပေးမှုဖြင့် ရောက်ရှိခဲ့ပြီး ဒူဘိုင်းမြို့ အခန်းတစ်ခန်းတွင် အလုပ်အကိုင်မရှိဘဲ ရက် ၂၀ ခန့်နေထိုင်ခဲ့ကာ အေးဂျင့်ဖြစ်သူက ဒူဘိုင်းတွင် အလုပ်မရနိုင်ဘဲ အီဂျစ်နိုင်ငံသို့ သွားမှသာ အလုပ်အကိုင် ရရှိမည်ဖြစ်ပြီး လုပ်ခလစာအဖြစ် အမေရိကန်ဒေါ်လာ ၃၅၀ ရရှိမည်ဟု ပြောကြားခဲ့ကြောင်း၊ အကယ်၍ အီဂျစ်သို့ မသွားပါက ဆော်ဒီအာရေဗျနိုင်ငံသို့ ပို့ဆောင်ခံရမည်ဖြစ်သောကြောင့် အီဂျစ်နိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်အောက်တိုဘာလတွင် အီဂျစ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး နေအိမ်တစ်အိမ်၌ ခုနစ်လကြာ လုပ်ကိုင်ခဲ့ရကာ လစာအပြည့်အဝမရခြင်း၊ အလုပ်ချိန်များပြားခြင်းတို့ကြောင့် ပင်ပန်းမှုဒဏ်မခံနိုင်တော့သဖြင့် ၂၀၂၄ ခုနှစ် မေလ တတိယပတ်တွင် ယင်းအလုပ်မှ ထွက်ပြေးခဲ့ကြောင်း၊ နိုင်ငံကူးလက်မှတ်ကို အိမ်ရှင်က သိမ်းဆည်းထားပြီး နေထိုင်လုပ်ကိုင်သည့် နေအိမ်လိပ်စာကိုမသိသည့်အပြင် ဒူဘိုင်းအေးဂျင့်ကလည်း အဆက်အသွယ် ဖြတ်တောက်ခဲ့သည့် အခက်အခဲများစွာကြောင့် အမိနိုင်ငံသို့ အမြန်ဆုံးပြန်လို၍ ကိုင်ရိုမြို့ရှိ မြန်မာသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မြန်မာသံရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့် ရရှိခဲ့၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။



အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့်စပ်လျဉ်း၍ မအေးသီရိမိုးက“ကျွန်မက မိတ္ထီလာမြို့မှာ နေပါတယ်။ အသက်က ၂၄ နှစ်ပါ။ ကျွန်မ အီဂျစ်မှာ တော်တော်ဒုက္ခရောက်နေချိန် မြန်မာသံရုံးကို သွားခဲ့တယ်။ အစစအရာရာ ကူညီပေးကြတဲ့သံရုံးက သံအမတ်ကြီးနဲ့ဆရာများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ ကန်တော့ပါတယ်။ နောက်ထပ်လည်း မသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ နိုင်ငံတော်က ခွင့်ပြုထားတဲ့ အလုပ်အကိုင်တွေကိုပဲ လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်။ နိုင်ငံတော်ကလူကြီးများနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်”ဟု ပြောသည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင်အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့် အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှုမရှိသည့်အပြင် ပြည်ပအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်း နိုင်ငံများကို နှစ်နိုင်ငံ သဘောတူညီချက်အရ တရားဝင် အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန် အတွက် တရားမဝင်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများက လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြား မမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

## ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးက ညှိနှိုင်းကူညီ ဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ကျိုက်ထိုမြို့နယ်တွင် ခွေးရူးရောဂါကာကွယ်တားဆီးရေးအသိပညာပေးခြင်းနှင့် ကာကွယ်ဆေးများထိုးနှံပေး



ကျိုက်ထို ဇူလိုင် ၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်း ခွေးရူးရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျူချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးဝင့်ကိုက ခွေးရူးရောဂါကူးစက်ခံရနိုင်သည့် အကြောင်းရင်းများ၊ ခွေးရူးရောဂါကူးစက်ခံရမှုနှင့် အိမ်မွေးတိရစ္ဆာန်များ၏ အန္တရာယ်၊ လူတွင်ဖြစ်ပေါ်နေသည့် ခွေးရူးပြန်လက္ခဏာများအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့်(၁)ဦးထွန်းညီညီက ခွေးရူးရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအတွင်းရှိ အိမ်မွေးခွေးကောင်ရေ ၅၃ ကောင်အား အိမ်တိုင်ရာရောက် ခွေးရူးရောဂါကာကွယ်ဆေး လိုက်လံထိုးနှံပေးခဲ့ပြီး ခွေးရူးရောဂါကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ATH အောင်သက်ထွေး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာနေ မင်းမင်းစိုး(ခ)ပိကျိအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ “Razorfox Legends” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကံဆည်ကျေးရွာနေ အောင်သူထွေးအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောထောင်တွင် အကျဉ်းသားများကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ရိုက်နှက် တိုက်ပိတ်ထားကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၂၃

“ကျိုက်မရောထောင်တွင် နိုင်ငံရေးအကျဉ်းသား ငါးဦးကို ထောင်အာဏာပိုင်များက အကြောင်းမဲ့ ရိုက်နှက်တိုက်ပိတ်ထားပြီး ထောင်တွင်း ပုဒ်မများစွာဖြင့် အမှုရင်ဆိုင်နေရ” ဟူသော ခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page က ဇူလိုင် ၁၆ ရက်တွင် ပြည်သူလူထုက အထင်အမြင် လွဲမှားစေရန် အဖျက်အမှောင့်သတင်းအဖြစ် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ညီညီ(ခ)အရှည်ကြီး အပါအဝင် အကျဉ်းသားငါးဦးသည် ဇွန် ၂၇ ရက်က လုံခြုံရေးအရ တပ်ဆင်ထားသည့် CCTV ကင်မရာသုံးလုံးအား မြင်ကွင်းကြည်လင်ပြတ်သားမှု မရှိစေရန်နှင့် လုံခြုံရေးထိခိုက်စေရန်ရည်ရွယ်ချက်ဖြင့် အိပ်ဆောင်နံရံသုတ်ထုံးဖြင့် သုတ်လိမ်းခဲ့သည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသည့်အတွက် ယင်းအကျဉ်းသားများကို တာဝန်ခံအရာရှိက အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ ခြေချင်းခတ်၍ တိုက်ပိတ်ပြစ်ဒဏ် နှစ်ပတ်၊ ပါဆယ်ပစ္စည်းပေးသွင်းခွင့်နှင့် ဧည့်တွေ့ခွင့် တစ်လပိတ်ခြင်းနှင့် တိုက်ပိတ် ပြစ်ဒဏ်နှစ်ပတ်ပြည့်ပါက သီးခြားတိုက်တွင် ထားရှိရန်ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြစ်ဒဏ်ချမှတ်၍ တိုက်ခန်းသို့ ပြောင်းရွှေ့ထိန်းသိမ်းချိန်တွင်လည်း ရိုက်နှက်မှုမရှိကြောင်း၊ ယင်းအကျဉ်းသားများအား တရားရုံးတွင် အမှုဖွင့်တရားစွဲဆိုခြင်း မပြုလုပ်ဘဲ တာဝန်ခံအရာရှိက အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ စီမံခန့်ခွဲပြီး ထောင်တွင်းပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် Khit Thit Media ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**မိုးအောင်**

# ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပဲခူး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ဒိုက်ဦး-စစ်တောင်း လမ်းပေါ်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူလျက်ရှိသော ဦးဆန်းငွေအောင်၏ "မေမြင့်မိုရ်" မွေးမြူရေးခြံ၌ တိုင်းရင်းကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုနှင့် ဒိုးတန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း YSR-1 မိုးစပါးစံပြ မျိုးစေ့ထုတ်စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့ရှိ ရွှေလရောင် လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးဆိုင်မှ ပြည်ပသွင်းကုန်အစားထိုး စက်အပိုပစ္စည်း ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး ၂၅၈ ဧက စုပေါင်းကျောက်မှုန့်ကြဲပက်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။ ယင်းနောက် ဝဲဝန်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဦးဝင်းငွေ၏ ဒေသကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ရှမ်းစုကျေးရွာ၌ ကောက်စိုက်သမဖြင့် စိုက်ပျိုးခြင်း၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ Drum Seeder ဖြင့် စိုက်ပျိုးခြင်းစသည့် စိုက်နည်းစနစ် သရုပ်ပြကွက်များအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဝဲဝန်းရှမ်းစု-ဝဲဝန်းကျောင်းစု ကျေးရွာချင်းဆက်လမ်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အရိပ်ရသီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအား ကြည့်ရှုအားပေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝေါမြို့နယ် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ ပို့ကုန်လမ်းကြောင်း ကုန်စစ်ရုံတည်ဆောက်နေမှုနှင့် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးစခန်းများ ကုန်စစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ထန်းတပင်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ ရှင်းလင်း

ထန်းတပင် ဇူလိုင် ၂၃

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရှင်းလင်းခြင်းကို ဇူလိုင် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



## ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ စာရင်းစစ်/ စာရင်းကောက် ဝန်ထမ်း တာဝန်ပေးအပ်နိုင်ရေး ကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက မိမိတို့သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

☆ ၂၀၂၄ မှ

မြန်မာနိုင်ငံအနေဖြင့် ကြက်တောင်နှင့် ရေကူးအားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ၊ ရေကူးပြိုင်ပွဲတွင် ဖုန်းပြည့်ဟန်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဖုန်းပြည့်ဟန်သည် အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သက်ထားသူဇာသည် လက်ရည်စစ်ပွဲအောင်မြင်သဖြင့် အိုလံပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အိုလံပစ်ကြက်တောင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲကို အုပ်စုပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး သက်ထားသူဇာသည် အုပ်စု (C) တွင် ဂျပန်နိုင်ငံသူ ယာမာဂူချီ၊ ကနေဒါနိုင်ငံသူ မီချယ်လ်လီတို့နှင့် ကျရောက်နေသည်။ သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

မြန်မာအားကစားသမားများ ယှဉ်ပြိုင်မည့် ကြက်တောင်နှင့် ရေကူးပြိုင်ပွဲများကို ဇူလိုင် ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-BWF

# ၂၀၂၄ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇူလိုင်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K.M.A၊ မောင်ခင်ညို (မန်းတက္ကသိုလ်)တို့၏ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ နေသူရိန်၊ ညီမော်သိမ်း၊ ကိုကိုအောင် (အလုပ်သမား)၊ ရဲထက်ဇော်၊ အန်ကယ်စိုး၊ မြသိန်းတို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ ပါမောက္ခ ကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ငွေး (ယဉ်ကျေးမှု)၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ နွေကုံကော် (မြို့လှ)၏ အမုန်းစကားဆိုင်ရာ ဆောင်းပါး၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ရန်ကုန်ငွေဇော်၊ ဒေါက်တာ မြင့်သန်း၊ မြသဲ (သုတေသန) တို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိန်ဝင်းမော်၊ စိန်ဝင်းနွယ်၊ ကိုရင်ကျော်၊ ဆောင်းဝင်းလတ်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေ ကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၁၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၀၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၀၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၀၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




၂၂-၇-၂၀၂၄ ရက်မှအဆက်

"ဟ . . . ဘာဖြစ်တာလဲ"

"ပေါ်ဦး၊ မင်းမှာ ပိုက်ဆံ ဘယ်လောက်ပါလဲ"

ပေါ်ဦးက သူ့အိတ်သူ ငုံ့ကြည့်သည်။ ပြီးမှအိတ်ထဲ လက်နှိုက်ပြီး-

"တစ်မတ်"

"ဟာ . . . အဲဒါမှ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

ကိုတင်ဝင်းလှိုင်က လှမ်းမေးသည်။ ကျွန်တော်က ရယ်ကျဲကျဲလုပ်၍ -

"ကောင်မလေးကို အအေးတိုက်မလို့၊ ကျွန်တော့် အိတ်ထဲလည်း နှစ်ကျပ်ပဲရှိတယ်၊ ခေါ်ကလည်း ခေါ်ပြီးနေပြီ။ အဆောင်ပြန်ပြေးမှထင်တယ်"

ကိုတင်ဝင်းလှိုင်က ဟက်ဟက်ပက်ပက်ရယ်၍-

"နေ . . . နေ မပြေးနဲ့၊ ရော့ . ကျွန်တော့်ဆီက ယူသွား၊ကိစ္စဝိစ္စပြီးမှ ပြန်ပေး"

သူ့အိတ်ထဲမှ နှစ်ဆယ်တန်တစ်ရွက် ထွက်လာသည်။ ကျွန်တော်ယူရမှာ အားနာသဖြင့် ချက်ချင်း လက်မလှမ်း။

"ယူပါဗျ၊ အလကားပေးတာ မဟုတ်ပါဘူး၊ ချေးတာပါ "

စိတ်ထဲ ဆုံးဖြတ်ချက်တစ်ခုချပြီး သူ့ပိုက်ဆံကို လှမ်းယူလိုက်၏။

"ကျေးဇူးပဲဗျာ၊ ခဏနေ ပြန်ပေးမယ်နော်"

"ရပါတယ်"

ကျွန်တော် ကမန်းကတန်း ပြန်ထွက်သည်။ ပေါ်ဦး၏ နောက်တောက်တောက်အသံကို နောက်ဘက်မှ ကြားလိုက်ရ၏။

"ချစ်သူလာသောနေ့မှ အိတ်ထဲ ဗလာကွယ်" တဲ့။ သေရော.....။

•••••

"ကိုထွန်းဝေတို့ ခုနကဆိုတဲ့ သီချင်းက ဘာသီချင်းလဲဟင်။ တကယ်နားထောင်လို့ ကောင်းတယ်"

ဦးယမ်းဘီလူးဆိုင်၌ ထိုင်ထိုင်ချင်း ခင်လေးက မေးသည်။

"အပျိုတော်သီချင်းပါ မခင်လေး"

ကပျာကသီဖြေရင်း အအေးဆိုင်မှကောင်လေးကို လှမ်းခေါ်လိုက်၏။

"ကဲ . . . ဘာသောက်မလဲ"

"မဖြူ"

ခင်လေးက မဖြူဘက် မေးဆတ်၍ မေးလိုက်သည်။ မဖြူက-

"သဘော်သီးပဲ ကောင်းပါတယ်"

"မခင်လေးကော"

"သဘော်သီးပဲ"

ကျွန်တော်က ကောင်လေးဘက်လှည့်၍ -

"သဘော်သီးသုံးခွက်"

ကောင်လေး လှည့်ထွက်သွားသောအခါ မဖြူက စကားစသည်။

"ဇာတ်တွေမှာ ဆိုတဲ့သီချင်းလား"

ကျွန်တော်က ခေါင်းညိတ်၍ -

"ဆိုပါတော့၊ ကျွန်တော်တို့ ဇာတ်တွေ၊ အငြိမ့်တွေ၊ ရုပ်သေးတွေမှာ ပွဲစစချင်း ကတဲ့အကပေါ့။ ခုတော့ သိပ်မရှိကြတော့ပါဘူး။ ရှိလည်း ကကြိုးမစုံတော့ ဘူး။ တဖြည်းဖြည်း နာမည်တောင်ပျောက်တော့မယ်"

"ခင်လေး ကြည့်တော့ကြည့်ဖူးတယ်၊ ဒီလို မကောင်းဘူး"

ကျွန်တော်က ရယ်၍ -

"ဒါလည်း ပျော်စရာပဲကောင်းတာ။ ပညာအရ တော့မကောင်းဘူး။ တကယ့် နတ်ကတော်အက၊ အပျိုတော်အကက ဆိုင်းကောင်းကောင်းနဲ့ဆို တစ်နာရီကျော်ကျော်ကရတာ။ ခုကနေတဲ့ အပျိုတော် တွေကတော့ ကိုးရိုးကားရား မျက်စိနောက်ရုံပဲရှိမယ်"

"ဘယ်လိုကွာလို့လဲ"

မဖြူ အမေးကို ကျွန်တော် ဖြေသင့်၊ မဖြေသင့် စဉ်းစားလိုက်သည်။ သို့သော် ရိုးရိုးသားသား စကား မှာ ပြောမထွက်ရဲစရာမရှိသဖြင့်-

"နတ်ကတော်အကဟာ အတော်လိုတယ် မဖြူ။ အတော်မောအောင်ကရတာ။ အားလုံး ကနည်းက တစ်ဆယ့်နှစ်မျိုးလောက်ရှိတာ။ မျက်စပစ်တာ၊ ရင်သား၊ အဲ . . ."

ပြောရမှာခက်သလိုဖြစ်နေ၍ တုံ့ခနဲရပ်လိုက်သည်။

ခင်လေးက မျက်မှောင်ကြုတ်ကြည့်ရင်း -

"ပြောပါ၊ သူ့အခေါ်အဝေါ်ပဲဟာ၊ ဘယ်တတ်နိုင်မလဲ"

"ရင်သားတစ်ဖက်လှုပ်တာ၊ နှစ်ဖက်လှုပ်တာ၊ တင်ပါးလှုပ်တာ၊ ဆန်ကောဝိုင်းလှုပ်တာ အားလုံးပေါ့ လေ။ ဆိုင်းချက်နဲ့ အံကိုက်လုပ်ရတာ။ အစုံကရင် တဟားဟား ရယ်နေရတာ။ ၁၉၀၆ ခုနှစ်လောက် အမေမှုံကြီးဆို နာမည်ကြီးပဲ။ ဆယ့်နှစ်ကြိုးစေ့ အောင် ကတတ်တယ်လို့ ပြောတယ်။ အဆိုလည်း ကောင်းတယ်တဲ့"

ကျွန်တော့်စကားကို စိတ်ဝင်တစား နားထောင် ကြသည်။ ခင်လေးကတော့ ဘာမှမပြော။ မဖြူက-

"ကိုထွန်းဝေက မြန်မာစာကျောင်းသား ပီသတာ ပဲ။ အနုပညာဘက်ကလည်းဖြစ်တယ်၊ ပြောတတ်၊ ဆိုတတ်လည်းရှိတယ်"

ကျွန်တော် ခပ်ပွင့်ပွင့်ရယ်လိုက်သည်။ စိတ်ထဲက လည်း ပြောခွင့်တစ်ခုကြုံလာပြီဟု သိလိုက်ပြီး -

"အအေးဖိုးလေး စိတ်ချမ်းသာသွားအောင် မမြှောက်ပါနဲ့ မဖြူရာ။ ကျွန်တော်တို့အလုပ်က မဖြူ တို့၊ မခင်လေးတို့ ကြိုက်တာမျိုးတွေ မဟုတ်ပါဘူး။ ဒါမျိုးက တောကြိုက်ပါ"

"ဘာဖြစ်လို့"

"ကျွန်တော်တို့က ခုခေတ်စားနေတဲ့ လျှပ်စစ် ဂီတာတို့၊ စတီရီယိုကျတော့ နားထောင်ရုံပဲ တတ်တော့ တာ။ ဘာတစ်လုံးမှ လိုက်မမီတော့ဘူး။ "အေဒင် ရယ် . . . ချစ်သူရယ် . . . အရိပ်တူ" ဆိုတာမျိုးမှ မခင်လေးတို့၊ မဖြူတို့ ကြိုက်တာပါ"

ကျွန်တော့် စကားအဆုံး ခင်လေးက နှုတ်ခမ်း လေး စူယောင်ယောင်ဖြင့်

"အမယ် . . . ဒီလိုမပြောပါနဲ့နော်။ မကြိုက်ဘဲနဲ့ ဘယ်သူက အကြာကြီးရပ်ကြည့်နေမလဲ။ ခင်လေး ကတော့ နားထောင်ကောင်းရင် အကုန်ကြိုက်တာပဲ"

"ခင်လေး နင် သေချာတယ်နော်"

မဖြူက ပြောင်စပ်စပ်မျက်နှာဖြင့် ဝင်မေးလိုက် သည်။

"ဘာကိုလဲ"

"နားထောင်ကောင်းရင် ကြိုက်တယ်ဆိုတာလေ"

"အင်းလေ"

"ဟိုနေ့က သီချင်းဆိုတာ နားထောင်ကောင်း တယ်ဆို"

"ဟယ် . . . မဖြူ နင်မကောင်းဘူး"

ခင်လေးမျက်နှာတွင် ရှက်သွေးလေးများ ဖြန်းသွား၏။ မဖြူပေါင်ကိုလည်း လှမ်းဆိတ်လိုက် သည်။ မဖြူက တခစ်ခစ်ရယ်သည်။

ကျွန်တော်က ပြုံးရုံသာပြုံး၍ ကြည့်နေလိုက် သည်။

ဦးယမ်းဘီလူး၏ အအေးဆိုင်မှ သဘော်သီးဝါနီ လေးများသည် ကမ္ဘာပေါ်တွင် အချိုမြိန်ဆုံး သဘော် သီးများဖြစ်နေ၏။

**သိပ်ချစ်တာပဲ**

*အသက်ထဲမှာ၊ အသာမှေးမှိတ်*
*အိပ်ပါလားကွယ်၊ တခြားရုပ်ဌာန်*
*ကြားလေခံရင်၊ မြစ်ယံဝေးကွာ*
*ကိန္နရာလို၊ ရာစုနှစ်ပေါင်း*
*ထောင်သောင်းထိုထို၊ ရက်ဆက်ငိုမယ်*
*ပိုလွန်းတယ်ပဲ . . . မှတ်ချင်မှတ်။*

ထိုနေ့ကစခဲ့သော ကဗျာပိုဒ်လေးနှင့်ဆက်၍ နောက်ထပ်ကဗျာတစ်ပုဒ် ရေးချလိုက်သည်။

ထို့နောက် ကုလားထိုင်မှထ၍ ခါးဆန့်လိုက်၏။ တော်လောက်ပြီ၊ နောက်ထပ်တစ်ထိုင်တည်း ဆက်မရေးချင်သေး။ ရနေသောကြည်နူးမှုကို တစ်ခါ တည်း ဖွင့်မထုတ်လိုက်ချင်။

ပေါ်ဦးကို ကြည့်သည့်အခါ ညနေက မြို့ထဲရှိ သူ့အဒေါ်အိမ်သွားမယ်ဆိုပြီး ထွက်သွား၍ ပြန်လာ ကတည်းက ဝတ္ထုတစ်အုပ်နှင့် ခုတင်ပေါ်တွင် ပက်လက်ကြီး ဇိမ်ကျနေ၏။ ကျွန်တော် သူ့အနား ကပ်သွား၍

"ပေါ်ဦး ထကွာ၊ မင်းစာအုပ်နောက်မှဖတ်"

ပေါ်ဦးက စာအုပ်မှ မျက်နှာမခွာ။ ခါးခါးသီးသီး လေသံဖြင့်-

"ဟာ . . . နေစမ်းပါ၊ ဒီမှာ ဝတ္ထုက ဖတ်ကောင်း နေတုန်း"

ကျွန်တော်က လေသံဆတ်ဆတ်ဖြင့် -

"ထားလိုက်စမ်းကွာ၊ နောက်မှဖတ်ပါလို့ဆိုနေ"

ပေါ်ဦးက မျက်မှောင်ကြုတ်၍ လေသံမာလာသည်။

"နေစမ်းပါလို့ဆိုနေတယ်၊ ဒီမှာ သိပ်အရေးကြီး နေလို့။ မင်းသမီးက မင်းသားနားကပ်ပြီး လေလည် သွားတော့ မင်းသားက တအားဝမ်းသာပြီး ချီးခြောက် တွေ ကောက်စားတဲ့အခန်း ရောက်နေတယ်။ ပြီးတော့ မနေနိုင်မထိုင်နိုင် ဟိုလူ့လျှောက်ပြော၊ ဒီလူ့လျှောက်ပြောနဲ့ မင်းသား အူးမြူးခန်းကွ"

"ဟာကွာ . . ."

ဆတ်ခနဲ စာအုပ်ကို ဆွဲယူလိုက်ပြီး ခုတင်ပေါ် ပစ်တင်လိုက်သည်။

"ထ . . . အခု မင်းသားက ဝမ်းသာအားရနဲ့ သူ့ သူငယ်ချင်းကို နားပန်ကျင်းတဲ့ အခန်းဆက်မလို့"

ပေါ်ဦးက ဟားတိုက်ရယ်၍ ထထိုင်ပြီး -

"ကဲ . . . ဘာပြောမလဲ။ ပြောပါဦး၊ တစ်ခါထပ်ပြော ဦး။ ဒီတစ်ခါ ဒီအကြောင်းထပ်ပြောရင် တစ်ရာနဲ့ သုံးဆယ့်ခြောက်ခါရှိပြီ"

"သွားစမ်းပါ၊ ဘယ်က တစ်ရာသုံးဆယ့်ခြောက်ခါ ရမလဲ၊ သုံးခါပဲရှိသေးတယ်။ ခု မင်းကိုခေါ်တာက ပြောမလို့မဟုတ်ပါဘူး၊ လမ်းလျှောက်မလို့"

သူက ရယ်ပြန်သည်။

"လုပ်မနေနဲ့ ထွန်းဝေ၊ အပိုတွေလုပ်မနေနဲ့။ လမ်းလျှောက်ရင်း မင်း ဒါပဲပြောမှာ မဟုတ်လား"

ကျွန်တော် ရယ်ကျဲကျဲလုပ်၍ -

"နည်းနည်း နားလည်မှုရှိပါ သူငယ်ချင်းရာ၊ အချစ် ရေးရာမှာ တစ်ခါမှ မတစ်ခါဘူးတဲ့ အချစ်အူရိုင်းလေး ပါ။ အင်မတန် သနားစရာကောင်းပါတယ်။ သူ့ခမျာ ဒါလေးနဲ့ပဲ ကျေနပ်နေရတာပါ"

"အေးပေါ့၊ မင်းကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ကြားရတဲ့ကောင်ကျတော့ အခံရခက်တယ်ကွ။ ငါ့ကျတော့ ဩော် . . . ကိုယ့်သူငယ်ချင်းလည်း လူလွတ်လေး ချစ်ဒုက္ခိတလေး၊ ငါ့ကောင်မလေးနဲ့ ပါလာတဲ့ သူငယ်ချင်းလေးနဲ့ အောင်သွယ်လုပ်ပေး ရရင် ကောင်းမလားဆိုတာမျိုးတော့ ယောင်လို့ တောင် သတိရမှာမဟုတ်ဘူး"

ကျွန်တော် ဟားတိုက်ရယ်ချလိုက်၏။

"ဟော့ကောင်၊ မင်း ညနေက ငါတို့ကို လိုက်ချောင်း တယ်ပေါ့"

"အမယ်မယ်... ပြောလိုက်တဲ့ လေသံကတော့ကွာ၊ သူတို့ကပဲ ရည်းစားတွေလိုလိုနဲ့။ ထပ်သရီး . . . ချောင်းစရာမလိုဘူး ကိုယ့်လူ၊ စန္ဒရားခန်းကနေ တံခါးဖွင့်ကြည့်ရင် မင်းတို့သုံးယောက် ထွက်သွား တာမြင်တယ်"

ကျွန်တော်က ခေါင်းတညိတ်ညိတ်လုပ်ပြီး -

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ကဲ . . . စိတ်ချလက်ချနေ၊ ငါမင်းကို ငါတို့အဆင်ပြေပြီးရင် မဖြူနဲ့ အောင်သွယ် ပေးမယ်"

"ဟီး . . . ဟီး . . . ဘာတဲ့ မဖြူတဲ့လား။ အသံလေး ကြားတာနဲ့ ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်း မသိဘူးကွာ"

"အဲ . . . ငါတော့ အရူးဘုံမြှောက်မိပြီထင်တယ်"

ရယ်ရင်းမောရင်း ပြောရင်းဆိုရင်းနှင့် ကျွန်တော် တို့ အဆောင်ပေါ်မှ ဆင်းလာကြသည်။ ဂျပ်ဆင် နောက်မှဖြတ်၍ အဓိပတိလမ်းမပေါ် လျှောက်လာ ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

ကျွန်တော်တို့ ဇာတ်တွေ၊ အငြိမ့်တွေ၊ ရုပ်သေးတွေမှာ ပွဲစစချင်း ကတဲ့အကပေါ့။ ခုတော့ သိပ်မရှိကြတော့ပါဘူး။ ရှိလည်း ကကြိုးမစုံတော့ ဘူး။ တဖြည်းဖြည်း နာမည်တောင် ပျောက်တော့မယ်။ တကယ့် နတ်ကတော်အက၊ အပျိုတော်အကက ဆိုင်းကောင်းကောင်းနဲ့ဆို တစ်နာရီကျော်ကျော်ကရတာ။ ခုကနေတဲ့ အပျိုတော်တွေကတော့ ကိုးရိုးကားရား မျက်စိနောက်ရုံပဲရှိမယ်။ နတ်ကတော်အကဟာ အတော်လိုတယ် မဖြူ။ အတော်မောအောင်ကရတာ။ အားလုံး ကနည်းက တစ်ဆယ့်နှစ်မျိုးလောက်ရှိတာ

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

**✻ MNL–2 မှ**

အသင်းသစ် ရာမည‌ယူနိုက်တက်အသင်းသည် ၃၂ မိနစ်တွင် ဆန်းမြင့်နိုင်သွင်းယူသည့်ဂိုးဖြင့် မိနစ် ၉၀ အထိ ဦးဆောင်နိုင်သော်လည်း နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့် ချေပဂိုးကြောင့် နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၉၀+၁ မိနစ်တွင် ဂျာနော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရာမည ယူနိုက်တက်အသင်းခေါင်းဆောင် ဆန်းမြင့်နိုင်က ရရှိသည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် Chinland အသင်းက ရောဝတီရိန်းဂျားအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Chinland အသင်းအတွက် ဂိုးများကို ၁၂၊ ၄၈ မိနစ်တွင် ဟိန်းသက်ဖြိုး၊ ၇၂ မိနစ်တွင် လှဘုန်းဦးတို့က သွင်းယူပြီး ရောဝတီရိန်းဂျားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၂ မိနစ်တွင် ထိုက်သူဟန်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Chinland အသင်းမှ လှဘုန်းဦးက ရရှိသည်။

ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၄ ရက်တွင် တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ စလင်းကွင်း၌ Glory Goal အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်**

**ဓာတ်ပုံ–MNL**

**❖ ကျောဖုံးမှ**

ရောဝတီအသင်းသည် ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ စန်းသော်သော်၊ လဲ့လဲ့လှိုင် စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဘောလုံးလောကကို တစ်ကျော့ပြန်ခြေချလာသည့် နာမည်ကြီးလက်ရွေးစင်ဘောလုံးသမားဟောင်း သန်းသန်းထွေးမှာမူ ဒုတိယပိုင်းမှ လူစားဝင်ကစားခဲ့သည်။ မြဝတီအသင်းမှာမူ မေဇင်နွယ် (ဂိုး)၊ ဖြူဖြူဝင်း၊ ရူပါခိုင်၊ အေးအေးမိုးတို့ဖြင့် လူစုံအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့ပြီး ၄၄ မိနစ်တွင် နော်ထက်ထက်ဝေ သွင်းယူသည့်ဂိုးဖြင့် ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင်လည်း ရောဝတီအသင်းက ဖိကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် စန်းသော်သော်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၇၆ မိနစ်တွင် ပန်းအိခိုင်က မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း ရောဝတီအသင်းက ပွဲပြီးသည်အထိ အနိုင်ရလဒ် ထိန်းကစားခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ၂၁ မှတ်ဖြင့် ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ ရောဝတီအသင်းက ရှစ်ပွဲကစား ၁၆ မှတ်၊ မြဝတီအသင်းက ရှစ်ပွဲကစား ၁၀ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ကိုးမှတ်၊ YREO အသင်းက ရှစ်ပွဲကစား လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ရှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–MWL**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ "မိုး" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၂၆–၇–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုး | ဌာနအဆိုရှင် |
| ၂။ | အသဲခွဲမိုး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | မရွာနဲ့ဦးမိုး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | အမှတ်တရလမ်းကလေး | ပြင်ပအဆိုရှင် |
| ၅။ | ကြိုးကြာသံ | ပြင်ပအဆိုရှင် |
| ၆။ | တိမ်တွေငိုတဲ့နေ့ | ပြင်ပအဆိုရှင် |
| ၇။ | အသဲဖျက်မယ့်မိုး | ပြင်ပအဆိုရှင် |
| ၈။ | ကိုယ်စောင့်နတ် | ပြင်ပအဆိုရှင် |
| ၉။ | ရာသီပြောင်းချိန် | ပြင်ပအဆိုရှင် |
| ၁၀။ | လေညာရပ်ကအချစ် | ပြင်ပအဆိုရှင် |

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် လှိုင်ကော်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**လှိုင်ကော် ဇူလိုင် ၂၃**

၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်နယ်တွင်း လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တစ်ဦးချင်း မိတ်ဆက်တင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်ခဲ့မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ များစွာထိခိုက်ဆုံးရှုံးခဲ့ရပါကြောင်း၊ ယခုအခါ လှိုင်ကော်မြို့ ပြန်လည်တည်ငြိမ်အေးချမ်းမှုရရှိလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများအား အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်နယ်အတွက် စေတနာထားကာ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်း အရည်အသွေးပြည့်ဝမှုရှိစေရေးနှင့် ပေးသွင်းရမည့် အခွန်အခများ ပေးသွင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လှိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်နိုင်ရေး၊ နေရပ်ပြန် ပြည်သူများလက်ခံခြင်း၊ ပြည်သူများ သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူများ အခြေခံလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကဏ္ဍစုံတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့်အလိုက် ဟန်ချက်ညီဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအား ဒေသတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။



ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်က တင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လှိုင်ကော်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်း၍ အလှူငွေကျပ်သိန်း ၅၀၀ ကိုလှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး စီးပွား ရေးလုပ်ငန်းရှင်များနှင့် ရင်းရင်း နှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရောဝတီမြစ်နှင့် ငဝန်မြစ်တို့ စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၃**

**ရောဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀ ဒသမ ၅၄ ပေ (၂၁၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲကျော်ခန့် (၈၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ သုံးပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ်-၇၀၉(က)နေ ဦးတင်ခ-ဒေါ်ခင်မြတို့၏ သားဖြစ်သူ

**ကိုစိုးမင်း**

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အုတ်ဖိုကျေးရွာနေ ဦးမျိုးတင်-ဒေါ်အေးကြည်တို့၏ သမီးဖြစ်သူ

**မချိုချိုလင်း B.A.,(Myanmar)**

တို့သည် ၇-၇-၂၀၂၄ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘမိတ်ဆွေသင်္ဂဟများနှင့် အသိသက်သေများရှေ့မှောက်တွင် "နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားခြင်းကတိစာချုပ်"ကို လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိဖြိုး** | **ဦးမောင်မောင်မြင့်** |
| **LL.B., D.B.L, D.I.B.L.,D.I.L** | **LL.B., D.B.L.,** |
| **WIPO (Switzerland)** | **WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၄၇၀)** | **(စဉ်-၁၅၃၃၉)** |

**အမှတ်(၂၃၄)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်/ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၂၈၃၄၃၀၃၈၊ ၀၉-၂၅၄၃၈၃၇၆၁**

## အများသိစေရန်ကြော်ငြာ

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ် (၆၀၀/က)၊ မြေကွက်တည်နေရာအမှတ် (၆၀၀/က)၊ အောင်သစ္စာလမ်း၊ ကြီးပွားရေး/မြောက်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးပါ (စီဂျီ-၀၅၀၃၇၁) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပါကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၉၃၉၄/၂၀၂၃ (၂၁-၁၀-၂၀၂၃)ဖြင့် ပိုင်ဆိုင်သူ ဒေါ်မာမာချို [၁၂/တမန(နိုင်)၀၆၆၅၁၄]မှ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ် သဃက/ဂရမိတ္တူ ၂၀၂၃၀၃၁၇၆၆/၂၀၂၃ (၂၆-၁၀-၂၀၂၃)ဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ်-၇၈၃/၉၅ဖြင့် ထုတ်ပေးထားသည့် မူလမူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့ ၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ်-၂၄၂(က) တွင်နေထိုင်သော **ဦးကောင်းထက်လင်း [၁၂/ဥကမ(နိုင်)၂၂၆၈၁၄]**သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number – T/2024/002342 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

Nyi
Boutique

မှတ်ပုံတင်စာချုပ်အမှတ်- ၁၆၈၂/၂၀၂၄ (နေ့စွဲ-၂၁-၂-၂၀၂၄)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Designer ကိုယ်တိုင်ချုပ်လုပ်ထားသောအဝတ်အစားအပ်ထည်များအား ချုပ်လုပ်ပေးသည့်ဆိုင်များ ဖွင့်လှစ်ခြင်း၊ Online မှ တစ်ဆင့် Page/Account တို့မှ ရောင်းချပေးခြင်းများအပြင် အဆိုပါဆိုင်များတွင် ပိတ်စအမျိုးမျိုးကို အသုံးပြု၍ ချုပ်လုပ်သော အမျိုးသား/ အမျိုးသမီးဝတ် ရုပ်အင်္ကျီလက်ရှည်/လက်တိုဝမ်းဆက်ထည်များ၊ ဘောင်းဘီတို/ဘောင်းဘီရှည်အမျိုးမျိုး၊ အမျိုးသမီးများအတွက် ခေတ်မီဆန်းပြား၍ ဒီဇိုင်းစုံလင်သော ဂါဝန်အမျိုးမျိုး၊ အင်္ကျီအမျိုးမျိုး၊ စကပ်အမျိုးမျိုး အစရှိသည့် Ready to wear အဝတ်အစားအမျိုးမျိုးတို့အား မိမိကိုယ်တိုင်ချုပ်လုပ်၊ ထုတ်လုပ်၍ လက်လီ/လက်ကား ရောင်းချခြင်းလုပ်ငန်းများအား ရန်ကုန်မြို့ အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိ၏ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်ခြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်ခြမ်းတုပသုံးစွဲခဲ့ မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကောင်းထက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ယွန်းမြတ်သွယ်** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၇၈၁)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊သမိုင်းဘူတာရုံလမ်း၊ အမှတ်(၅၄)ဟုခေါ်သည့်(၂)ခန်းတွဲ(၆-ထပ်)ကန်ထရိုက်တိုက်၏(တတိယထပ်/၄-လွှာ/A)ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂½×၅၀)ပေခန့်ရှိတိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းသည် မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ-ဒေါ်မြရွှေ ကွယ်လွန်သွားခဲ့ပြီးသည့်နောက် ၎င်း၏ခင်ပွန်း ဟာဂျီ-ဦးမောင်ရွှေ နှင့် (သား)ဦးအောင်ကျော်ဦး (သမီး)ဒေါ်သင်းသင်းနိုင် တို့ပြုလုပ်ချုပ်ဆိုထားကြသည့် အမွေခွဲကတိစာချုပ်အရ (သား)ဦးအောင်ကျော်ဦး(၁၂/တကန(နိုင်)၁၂၇၉၇၈)တစ်ဦးတည်းက အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ-ဦးဗိုလ်မင်းထွန်း(၁၂/လမန(နိုင်)၁၃၅၄၆၅)ကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်ဇာလွင် [၉/ရမသ(နိုင်)၁၅၃၈၉၁] သည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ နတ်စင်(၃)လမ်း၊ မြေကွက်အမှတ်-၆၉၄(၁၃၁/၃၂)၊ ဧရိယာ(၂၈x၆၀) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ရမ်းရတီယာ [၇/ကတခ(နိုင်)၁၈၄၆၃၄]ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်ဇာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၅)**
**အခန်း(၁၀၆)၊ တိုက်(၃)၊ ပထမထပ်၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-941456262, 09-262662399**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသဲအောင် [၉/မလန(နိုင်)၀၉၂၀၉၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုစိတ္တာ(၃)လမ်း၊ အမှတ်(၆၂)၊ မြေကွက်ပေါ်ရှိ (ပထမ)ထပ်၊ ခေါင်းရင်းခန်း ဧရိယာ (၁၂x၄၈)ပေရှိ ရေနှင့်မီတာ တိုက်ခန်းတစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးအောင်ကျော်စိုး [၁၂/အစန(နိုင်)၂၀၅၈၃၀]ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသဲအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၅)**
**အခန်း(၁၀၆)၊ တိုက်(၃)၊ ပထမထပ်၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-941456262, 09-262662399**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၈)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် (၁၇) နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မောင်ထွန်း (ခ) ဦးချစ်ကို (ဘ) ဦးသာစိန်၊ မှတ်ပုံတင်အမှတ် [၈/ခမန (နိုင်)၀၂၇၄၇၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အမှတ်-၁၄ (နယ်မြေ)၊ စစ်ကွင်းရပ်ကွက်၊ အမှတ်-၄၆၇ မြေကွက်နှင့်မြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အဆောက်အဦမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မောင်ထွန်း (ခ) ဦးချစ်ကို၏ မိဘများဖြစ်ကြသော ဖခင် ဦးသာစိန်၊ မိခင် ဒေါ်ကြွေတို့မှ ပိုင်ဆိုင်ခဲ့ကြပါသည်။ မိဘများကွယ်လွန်သွားသည့်အခါ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရှိခဲ့သည့်အထက်ပါမြေကွက်နှင့်နေအိမ်အဆောက်အဦကို ကျွန်ုပ်မိတ်ဆွေ ဦးတင်မောင်ထွန်း (ခ) ဦးချစ်ကို [၈/ခမန(နိုင်)၀၂၇၄၇၂] မှ သိရှိခြင်းသဘောတူလက်မှတ်ရေးထိုးခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းထားခြင်း၊ ပစ္စည်းများခွဲဝေပေးခြင်း၊ ဂရန်အမည်ပေါက်လျှောက်ထားခြင်းများ၊ အမည်ပြောင်းလဲခြင်းများ ပြုလုပ်ခြင်းမပြုပါရန် အလေးအနက်အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သွယ်မာဝင်း (LL.B,D.B.L,D.I.T)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၂)**
**အမှတ်-၅၀၊ အခန်း (စီ-၂)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၈၁၈၀၁၆၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် (၂၄၇)၊ ဧရိယာ (၀.၀၅၈) ဧကအကျယ်ရှိ ဦးအုန်းလှိုင် (CF-၁၄၈၃၇၈) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ဖြူဖြူလှိုင် + ၄ (၁၄/ပသန(နိုင်)၀၆၇၀၇၉) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

| | |
|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ရာဇမိရာဇ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၃၃)၊ ဧရိယာ(၀.၀၅၅)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် ရာဇမိရာဇ်လမ်းမှမျက်နှာမူလျှင်(ဝဲဘက်ခြမ်း) အကျယ်အဝန်း (၂၀'×၆၀') အကျယ်ရှိ ဦးလှသောင်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလှသောင်း (၁၂/တတန(နိုင်)၀၃၅၄၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

| | |
|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊မြေကွက်ကြီးအမှတ်(၈)၊အိမ်ယာကွက်ငယ်အမှတ်(၂၄၆)၊ အကျယ်အဝန်း(၆၀x ၄၀)ပေအကျယ်ရှိ မြေကွက်နှင့် (အရပ်ခေါ်-လှည်းကူးမြို့နယ်၊မြို့မတိုးချဲ့(၈)ရပ်ကွက်၊ ငုရွှေဝါလမ်း၊အမှတ်(၂၄၆)ဟုခေါ်တွင်သည့် မြေကွက်နှင့်) ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ထက်ထက်အောင် **(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၃၇၆)
**09-4080 988 22, 09-4008 600 81**

အမှတ် **(1/A2)**၊ မြသီတာအိမ်ရာ ၊ (၁၄/၁)ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်း(၅၀၂)၊ ပဉ္စမထပ်ဟု ခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိ နေထိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသော ဒေါ်ခက်ခက်ခိုင် [၁၂/မရက(နိုင်)၁၀၅၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေမီလှိုင် [၁၄/ရကန(နိုင်)၀၈၇၅၇၁]က ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇေယျာထွန်း (LL.B)** | **ဒေါ်ယဉ်ယဉ်ထွန်း (LL.B, C.B.L, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၈၁)** |

**အမှတ်(၈၀၆-ခ)၊ ရေကြည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၃၀၅၆၁၅၆၊ ၀၉-၅၄၀၃၉၃၂**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ သန်လျင်မြို့နယ်၊ အထက-(၃) Grade-8မှ မောင်ရေးမြင့်မိုရ်သွင်၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်ထွန်း [၅/ကဘလ(နိုင်)၂၂၇၀၀၃]ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်ထွန်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရောချမ်းသာအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(၁၄/A)၊ အခန်း (၁၆-၃၂၄)အား မူလအမည်ပေါက် ဒေါ်ကလျာ[၁၂/မဂတ(နိုင်)၀၀၁၀၈၂] ထံမှ ဦးထွန်းသူ[၉/ပဥလ(နိုင်)၀၃၆၁၃၆]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆၊ မြေကွက်အမှတ်- ၃၆၇၊ ဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၆၇)၊ ဝက်မစွပ်နဝဒေးလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးမျိုးမင်းထွန်း[၁၂/မဂဒ(နိုင်)၁၃၈၀၀၀၉] အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အား အမည်ပေါက်ကိုယ်တိုင်မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်(၁)အရ ၂၀၂၀ ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ငွေချေးရန်မြေပုံမူရင်း ပျောက်ဆုံးသွားခြင်းနှင့်ပတ်သက်၍ ဘဏ်ချေးရန် မြေပုံလျှောက်ထား၍ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေး (တက္ကသိုလ်ရိပ်သာလမ်းသစ်)ဘဏ်ခွဲတွင် အာမခံပေးအပ်၍ ချေးငွေယူခဲ့ပြီး ပြန်လည်ပေးဆပ်ပြီးဖြစ်၍ ချေးငွေပေးဆပ်ပြီးကြောင်း ဘဏ်ထောက်ခံချက်ရရှိထားပြီး ဖြစ်ကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ပြီး၍ ၎င်းဘဏ်မှ ဘဏ်ငွေချေးရန် မြေပုံမြေရာဇဝင်မူရင်းကို ပြန်လည်ထုတ်ယူခဲ့ပြီးနောက် အခြားမည်သည့်နေရာတွင်မှ ထပ်မံအသုံးပြုခြင်းမရှိဘဲ ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ကြောင်း၊ အထက်ဖော်ပြပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက ၎င်းမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း (၁၁-၆-၂၀၂၄)ရက်စွဲဖြင့် လသာမြို့နယ်တရားရုံးတွင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ဧရာဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေး (တက္ကသိုလ်ရိပ်သာလမ်းသစ်) ဘဏ်ခွဲ ၏ ၆-၃-၂၀၂၄ ရက်စွဲပါစာအမှတ်၊ NUAR/LN/NUAR/869/2023-2024 ဖြင့် မြေပိုင်ဆိုင်မှုကို အပေါင်ပေးအပ်၍ ဘဏ်ချေးငွေထုတ်ယူထားခြင်းအား ပြေကျေကြောင်းနှင့် ကန့်ကွက်စာပေးပို့ထားခြင်းအား ပယ်ဖျက်ပေးပါရန် အကြောင်းကြားစာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်အနောက်ရပ်ကွက်၊ ပြည် ထောင် စုရိပ် သာ လမ်း၊ အမှတ်(၆၁)နေ (ဘ) ဦးတင်ရွှေ၏ သမီးဒေါ်မွန်နီး၏ အမည်မှန်မှာ ဒေါ်မူနီး [၁၂/အစန (နိုင်) ၁၅၉၂၃၈] ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ (အ.ထ.က) (အံဒင်)၊ Grade (12)မှ ကျောင်းဝင်အမှတ် (၀၀၃၄/၂၁) မချိုချိုဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်တင်မာကြည် [၈/ရနခ(နိုင်) ၁၇၄၃၃၅] ဖြစ်ပါကြောင်း။ **ဒေါ်တင်မာကြည်**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၆၆)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၃၄

သမဝါယမဘဏ်လီမိတက်(ရုံးချုပ်) (၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ဦးရဲဝင်းအောင်) နှင့် ဦးထျန်ကျိန်ယိုး(ခ) ဦးဘုန်းမြင့်နိုင်

**(ဒီကရီအနိုင်ရသူ)**　　**(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၇၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက် (၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်၊ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀/–လျှင် ၂၅/–ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅) ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**ပစ္စည်းများစာရင်း**

(က) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇/ဒီ)၊ မြေကွက် အမှတ် (၁၇/ဗ$^{၂-ဘီ}$)၊ ဧရိယာ ၄.၁၀၈ ဧကရှိ (ဘီမြေပိုင်အိမ်ရာမြေ)အနက်မှ တရားဝင် မခွဲစိတ်ရသေးသော ဧရိယာ ၀.၄၅၆ ဧက၊

**ကြမ်းခင်းဈေးငွေကျပ်သိန်း ၅၀၀၀၀**
**(ကျပ်သိန်းငါးသောင်းတိတိ)**

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇/ဒီ)၊ မြေကွက် အမှတ် (၁၃)၊ ဧရိယာ ၂.၉၄၅ ဧကရှိ (ဘီမြေပိုင်အိမ်ရာမြေ) အနက်မှ တရားဝင် မခွဲစိတ်ရသေးသော ဧရိယာ ၀.၁၄၉ ဧက၊

**ကြမ်းခင်းဈေးငွေကျပ်သိန်း ၂၀၀၀၀**
**(ကျပ်သိန်းနှစ်သောင်းတိတိ)**

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇/ဒီ)၊ မြေကွက် အမှတ် (၁၇/ထ$^{၁-အေ}$)၊ ဧရိယာ ၀.၂၃၄ ဧကရှိ (မြေပိုင်မြေအိမ်ရာမြေသတ်မှတ်)အနက်မှ တရားဝင် မခွဲစိတ်ရသေးသော ဧရိယာ ၀.၁၁၉ ဧက၊

**ကြမ်းခင်းဈေးငွေကျပ်သိန်း ၁၈၀၀၀**
**(ကျပ်သိန်းတစ်သောင်းရှစ်ထောင်တိတိ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၁) တိုက်(၁၂)၊ အခန်း(၂၀၄) အမည်ပေါက် ဒေါ်ကြည်ကြည်ဆွေမှာ (၂၈–၅–၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်၍ အစ်မရင်းဖြစ်သူ ဒေါ်အမာ [၁၂/အစန(နိုင်)၀၃၂၇၈၂]မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book မူရင်းစာအုပ်ထုတ်ယူခွင့်ပြုပါရန် သေစာရင်းမိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ တိုက်ခန်းနှင့်ပတ်သက်၍ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြလာပါသဖြင့် Owner Book ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှု Owner Book စာအုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၃၆ F)၊ မြေကွက်အမှတ်– (၁၁၀ အေ/၂ဘီ+ ၁၀၀ အေ/–၂စီ)$^{၄}$ ဟုခေါ်တွင်သော မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂၂ပေx ၂၆ပေ)၊ မျက်နှာစာ (၅၄'.၀'')ရှိ မြေကွက်နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်– (၈၂/ဘီ) ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူဖြစ်သော ဒေါ်မြမြထွေး [၁၂/သဃက(နိုင်)၁၁၁၂၃၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကို ကန့်ကွက်လိုသော အကျိုးသက်ဆိုင်ခွင့်ရှိသူဟုဆိုသူ မည်သူမဆို တရားဝင်တိကျခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ကျော်သူ (LL.B)**　**ဒေါ်ချိုဝေဇင်(LL.B,LL.M)**
**အထက်တန်းရှေ့နေ**　**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၄၅၇၆၆/၂၀၁၅)**　**(စဉ်–၇၈၉၉/၂၀၁၁)**
**အမှတ်–(၃၃/ဘီ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၇၇၉၀၀၁၉၀၀ ၊ ၀၉– ၇၈၂၁၆၇၉၀၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–(၇၄)၊ အောင်မြေသာစည်အိမ်ရာ၊ မြေကွက်အမှတ်–(၄၆/၁)၊ ဧရိယာ– (၀.၁၀၉)ဧကရှိ ဗိုလ်ချုပ်အောင်ကြည် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဖခင်ဖြစ်သူ ဦးအောင်ကြည် (ဗိုလ်ချုပ် အငြိမ်းစား) [၁၂/လကန(နိုင်) ၀၂၉၇၁၉] ကိုင်ဆောင်သူမှ မိမိ၏လွတ်လပ်သောသဘောဆန္ဒအရ သမီးအရင်းဖြစ်သူ ဒေါ်ဆုမွန်သဇင်အောင် [၉/မထလ(နိုင်) ၂၀၀၈၈၆]အား မေတ္တာဖြင့်ပေးကမ်းခြင်းအပေါ် လက်ခံသူ ဒေါ်ဆုမွန်သဇင်အောင်၏ တရားဝင်ပိုင်ဆိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မှုမရှိပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဥ္ဇာသိန်း (LL.B)**　**ဒေါ်ပွင့်သူဇာ(LL.B)**
**(စဉ်– ၁၄၅၉၈)**　**(စဉ်– ၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၆၉၆/က၊ ဧရိယာ (၂၀'x၆၀') မြေကွက်တည်နေရာအမှတ်(၆၉၆/က)၊ ပိတောက်ရွှေဝါလမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းအောင် (TKA–၀၄၈၂၂၆)၊ မချစ်ချစ် (TKA ၀၄၈၂၂၅)၊ မသစ်သစ် (TKA ၀၇၉၄၆၈) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းအောင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဌေးဝင်း [၁၂/ဒပန(နိုင်)၀၁၁၂၀၈]မှ ကွယ်လွန်သူခင်ပွန်းတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ မိမိသာလျှင်ရှိပါကြောင်း၊ အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ခင်ပွန်းနှင့် မိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအနက်မှ ခင်ပွန်းဖြစ်သူ ဦးထွန်းအောင်၏ ပိုင်ဆိုင်ခွင့်အစုအား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်ခင်ဌေးဝင်း ကိုယ်တိုင် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးထွန်းအောင် သေဆုံးမှုလက်မှတ်တို့တင်ပြပြီး ကျန်အမည်ပေါက် ဒေါ်ချစ်ချစ် (TKA–၀၄၈၂၂၅)၊ ဒေါ်သစ်သစ် (TKA–၀၇၉၄၆၈)တို့နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

၂၀၂၄–၂၀၂၅ ပညာသင်နှစ်၊ ခေမာ (၄)လမ်း၊ (၄)ရပ်ကွက်၊ မြောက် ဥက္ကလာပမြို့ နယ် နေ အ.ထ.က(၃) Grade (11)မှ မောင်ဇွဲပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးကျော်ငွေ [၁၂/ဥကမ(နိုင်) ၁၄၃၅၀၈] ဖြစ်ပါကြောင်း။

**ဦးကျော်ငွေ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ် (၁၂၅၆)၊ မြေကွက်တည်နေရာအမှတ် (၇၈)၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစံဝင်းချို အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား E/RGN – 004308 မြေအမည်ပေါက် ဦးစံဝင်းချို(ခင်ပွန်း) ကွယ်လွန်၍ (ဇနီး) ဒေါ်မြင့်မြင့်ဝင်း [၁၂/ကတတ(နိုင်)၀၂၁၈၁၈]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခွင့်မရှိကြောင်း၊ (ခင်ပွန်း) ဦးစံဝင်းချိုသည် ခရစ်ယာန်ဘာသာဝင် ဖြစ်သော်လည်း အခြားမည်သူ့ကိုမျှ သေတမ်းစာရေးသားခြင်း လုံးဝမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သင်တန်းကျောင်းအမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး သင်တန်းကျောင်းဖွင့်လှစ်ခွင့်ရရှိထားသော Glorious Days Maritime Training Centre အမည်ရှိ သင်တန်းကျောင်းအား Glorious Future Maritime Training Centre အမည်သို့ ပြောင်းလဲပေးပါရန် ဤဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းသင်တန်းကျောင်းအမည်ပြောင်းလဲခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်း နှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း အထောက်အထားနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ သင်တန်းကျောင်းအား လျှောက်ထားသည့်အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၇ သမိုင်း၊ မြေကွက်အမှတ်– ၂/က–၈/၁–B၊ ဧရိယာ– ၀.၅ ဧက မြေကွက်တည်နေရာ အမှတ်– ၂/က၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမောင်မောင်ဝင်း [၁၂/ကတတ(နိုင်)၀၂၆၀၆၉]၊ ဒေါ်စုစုရီ(ခ)ဒေါ်နီနီ [၁၂/လသန(နိုင်)၀၀၄၀၁၃]၊ ဒေါ်စန်းဥမ္မာ [၁၂/ကတတ(နိုင်)၀၀၆၄၈၇] အမည်ပေါက် B မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် (၃) ဦးအနက် အမည်ပေါက် (၁)ဦး ညီမဖြစ်သူ ဒေါ်စန်းဥမ္မာသည် အပျိုကြီးဘဝဖြင့် (၁၉–၅–၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးဂိုကူစန်(ခ)ဦးစန်းသည် (၈–၆–၂၀၂၃)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်လိုစွန်းဝါ(ခ)ဒေါ်ရှုဝါသည် (၁–၈–၂၀၁၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်စန်းဥမ္မာ၏ အစ်ကိုဖြစ်သူ ဦးကျော်ကျော် [၁၂/ကတတ(နိုင်)၀၀၆၄၈၈]မှ တစ်ဦးတည်းသောအမွေစား၊ အမွေခံ အစ်ကိုဖြစ်ကြောင်း၊ ညီမဖြစ်သူ ဒေါ်စန်းဥမ္မာတွင် မိမိမှတစ်ပါး အခြားအမွေစား၊ အမွေခံတစ်ဦးတစ်ယောက်မျှ ကျန်ရှိခဲ့ခြင်းမရှိပါကြောင်း၊ ဒေါ်စန်းဥမ္မာ ပိုင်ဆိုင်သော (၃)ပုံ (၁)ပုံ အစုကို အစ်ကိုဖြစ်သူ မိမိတစ်ဦးတည်းမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်– ၁၆၃၀/၂၀၂၄ (၂၈–၅–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ၎င်းထံမှ GP လွှဲစာအမှတ်– ၁၁၉၁၃/၂၀၁၆ (၃၀–၁၂–၂၀၁၆)ဖြင့်ရရှိသူ ဂိုကွန်ရှု(ခ)ဦးမောင်မောင်ဝင်း [၁၂/ကတတ(နိုင်) ၀၂၆၀၆၉]မှ GP လွှဲစာ၊ GP လွှဲစာလွှဲအပ်ထားသူ ယနေ့တိုင်သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၆၃၈/၂၀၂၄ (၂၈–၅–၂၀၂၄) တို့တင်ပြ၍ GP ဂိုကွန်ရှု(ခ)ဦးမောင်မောင်ဝင်းမှ ဒေါ်စုစုရီ(ခ)ဒေါ်နီနီနှင့် ပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၆)၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၁၃၄)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)အနက်မှ မြေကွက်အမှတ်(၁၃၃)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးထွန်းဌေ(MNO–၀၁၅၈၃၆) အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးကျော်ကျော်(၁၂/သဃက(နိုင်)၁၄၃၄၆၄)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်စုမြတ်မောင် (LL.B)**　**ဒေါ်ကေကေနိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၅၅၄)　အထက်တန်းရှေ့နေ (စဉ်–၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်–၅၅၉၁၃)
အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊ ၀၉–၇၆၉၈၂၃၄၁၇၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၅၈၇)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)အနက်မှ မြေကွက်အမှတ်(၅၈၈)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးစံရင်(ISN–၀၇၁၂၀၂)အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးသိန်းပိုင်(၅/ဘတလ(နိုင်)၀၁၁၇၄၆)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်စုမြတ်မောင် (LL.B)**　**ဒေါ်ကေကေနိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၅၅၄)　အထက်တန်းရှေ့နေ (စဉ်–၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်–၅၅၉၁၃)
အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊ ၀၉–၇၆၉၈၂၃၄၁၇၊

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး ၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်းအိမ်ရာ၊ တိုက်အမှတ်(၈၉/၉၇)၊ အခန်း (၆၀၃)အား မူလအမည်ပေါက် ဦးစိုးလွင်ငြိမ်း [၂/လကန (နိုင်) ၀၄၄၉၁၃]ထံမှ ဒေါ်ခွန်ခွန် [၁၃/တကန(နိုင်)၂၀၀၆၇၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ဒေါက်တာအေးကျော်

### ပါမောက္ခချုပ်(ငြိမ်း) (ရတနာပုံတက္ကသိုလ်)

### အသက် (၆၇)နှစ်

စစ်တွေမြို့နေ (ဦးလှမောင်-ဒေါ်ခင်ခင်သိန်း)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ထွန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်နီလာခင်၏ ခင်ပွန်း၊ ကိုထက်ကျော်ဝေ၊ ကိုနိုင်အောင်ကျော်၊ ကိုထွဋ်အောင်ကျော်တို့၏ ဖခင်သည် ၂၃-၇-၂၀၂၄ (အင်္ဂါနေ့) နံနက် ၁၀:၁၀ နာရီတွင် လမ်းမတော်မြို့နယ် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးချစ်ညွန့်

### B.A(Psychology) R/O (T.O.L)

### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ (၈၂)လမ်း၊ အမှတ် (၅၆)နေ [ဦးသာညွန့် (တိုင်းတာဝန်ခံဥပဒေဝန်ထမ်း-ငြိမ်း၊ ဥပဒေရုံး)-ဒေါ်စိုးမြင့်-ဒေါ်ခင်သန်းဦး]တို့၏ သားကြီး၊ ဦးမြင့်ညွန့်-ဒေါ်ရီရီကျော်၊ ဒေါ်ချိုချိုနွယ်(ခ)ဒေါ်ခင်ဆက်သာ၊ (ဦးဌေးညွန့်)-ဒေါ်မိုးမိုး၊ (ဦးတိုးညွန့်)-ဒေါ်သင်းသင်းစိုး၊ ဦးစိုးမိုးညွန့်-ဒေါ်မိုမိုတို့၏ အစ်ကိုကြီး၊ ဒေါ်စိုးနန်းမူ [B.Sc(Bot)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကောင်းမြတ်ဦး(ETR)၏ ဖခင်၊ မောင်အောင်မြတ်ကျော်၊ မောင်သုတဇော်၊ မောင်ဖုန်းမြတ်သာတို့၏ ဘကြီး၊ မယွန်းယွန်းစံ၏အဘိုးသည် ၂၂-၇-၂၀၂၄ (တနင်္လာနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မြို့မကွန်ဒို၊ အမှတ် (၂၉၅)၊ အခန်းအမှတ်(5-I)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာအမှား ပြင်ဆင်ခြင်း

(၂၃-၇-၂၀၂၄) ကြေးမုံသတင်းစာ၊ စာမျက်နှာ ၂၀၊ ကော်လံ ၂ တွင်ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ခင်မာဆွေ၏ "ကန့်ကွက်နိုင်ပါသည်" ကြော်ငြာ၌ တိုက်ခန်းရောင်းသူ ဦးစိုးရန်နောင် [၅/စကန (နိုင်) ၂၂၁၂၃၃]၏ ကိုယ်စား မိခင် ဒေါ်ရီရီဆွေ [၅/စကန(နိုင်)၀၀၆၄၇၉]ဟု မှားယွင်းစွာ ဖော်ပြထားပါ၍ ၎င်း၏ မိခင် အမည်အမှန်မှာ ဒေါ်ဆွေဆွေရီ [၅/စကန (နိုင်) ၀၀၆၄၇၉]ဟု ပြင်ဆင်ဖော်ပြပါကြောင်း အများသိစေအပ်ပါသည်။

## ဒေါက်တာအေးကျော်

### ပါမောက္ခချုပ်(ငြိမ်း) (ရတနာပုံတက္ကသိုလ်)

### အသက် (၆၇)နှစ်

စစ်တွေမြို့နေ (ဦးလှမောင်-ဒေါ်ခင်ခင်သိန်း)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ထွန်း)တို့၏ သားသမက်၊ (ဗိုလ်သိန်းကျော်ဇော)၊ (ဒေါ်စောခင်နွဲ့)၊ (ဦးလှကျော်)၊ (ဒေါ်ဌေးဌေး)၊ ဦးကျော်ထွန်း-ဒေါ်အေးအေးမွန်တို့၏ ညီ/မောင်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်လေးလေး၊ ပါမောက္ခ ဒေါက်တာဒေါ်သိန်းမေစော (ဆေးဝါးတက္ကသိုလ်-မန္တလေး)-ဦးစံမောင်ခိုင်၊ ဒေါ်စောခင်နန်း (လယ်-ပြ၊ ထ-၁၊ ဒဂုံ)၊ ဒေါ်စောခင်ဝင်း၊ ဒေါ်သိန်းအေးထွေး၊ ဦးမြင့်ဦး-ဒေါ်စောအိထွေး (ကျောင်းအုပ်-ငြိမ်း၊ ထ-၃၊ ဗဟန်း)တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေးသည် ၂၃-၇-၂၀၂၄ (အင်္ဂါနေ့) နံနက် ၁၀:၁၀ နာရီတွင် လမ်းမတော်မြို့နယ် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးချစ်ညွန့်

### B.A(Psychology)

### Ex. Radio officer, Trans Ocean Line (T.O.L)

### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ မြို့မကွန်ဒို၊ အမှတ် (၂၉၅)၊ အခန်းအမှတ်(5-I)နေ (ဦးသာညွန့်-ဒေါ်စိုးမြင့်-ဒေါ်ခင်သန်းဦး)တို့၏ သားကြီး၊ [ဗိုလ်မှူးကြီးရဲထွန်း(ငြိမ်း)-ဒေါ်ကြည်ကြည်ညွန့်] တို့၏ သားသမက်၊ ဒေါ်စိုးနန်းမူ [B.Sc(Bot), (Dental Technician, 7th Batch)]၏ ခင်ပွန်း၊ ဦးကောင်းမြတ်ဦး [ETR(FG)]၏ ဖခင်၊ ရန်ကုန်မြို့နေ ဦးရဲအောင်မိုး [C/E (FG)]-ပါမောက္ခ ဒေါက်တာဖြူဖြူဦး၊ ဒုတိယဗိုလ်မှူးကြီး ရဲအောင်တိုး(ငြိမ်း-ရေ)-ဒေါ်စန်းစန်းလှ၊ ဒေါက်တာမောင်မောင်တိုး (ညွှန်မှူး-ငြိမ်း)-တွဲဖက်ပါမောက္ခ ဒေါက်တာသက်ဖြိုးကြည်၊ Capt. ဦးရဲအောင်နိုင် (FG)-ဒေါ်မြမြင့်မိုတို့၏ အစ်ကို၊ တူ/တူမ များ၏ ဘကြီးသည် ၂၂-၇-၂၀၂၄ (တနင်္လာနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မရမ်းစုမေတ္တာလမ်း၊ တိုက်အမှတ် (၉၁၃)၊ ပထမထပ်၊ (Hall) အခန်းအား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီနီလတ် [၇/ဒဥန(နိုင်) ၀၀၀၀၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကမ်းဂိုလျှန်း [၅/ကလထ(နိုင်) ၁၄၂၅၅၉] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဆွေ ( LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၁၅)**
**အမှတ် (၁၆၃)၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၁၅၀၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)

### သဃ်န်းကျွန်းခရိုင်တရားရုံးတော်

### ၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ်- ၂၄၄

| | | |
|---|---|---|
| ဦးထွန်းချို(ခ)ဆီရာဇ်မျာ | နှင့် | ၁။ ဒေါ်တင်တင်မြင့် |
| | | ၂။ ဒေါ်နွယ်နွယ်မြင့် |
| | | ၃။ ဒေါ်ခင်ဝင်း(ခ)ဟာဝါဘီ |
| | | ၄။ ဦးအောင်မြင့် |
| | | ၅။ မောင်ချစ်ကိုနိုင် |
| | | ၆။ မချယ်ရီဖြိုး |
| | | ၇။ ဒေါ်ခင်ခင်သိန်း |
| (တရားလို) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်-(၂၅) နေသူ (၂)တရားပြိုင် ဒေါ်နွယ်နွယ်မြင့်၊ (၃)တရားပြိုင် ဒေါ်ခင်ဝင်း(ခ) ဟာဝါဘီ၊ (၅)တရားပြိုင် မောင်ချစ်ကိုနိုင်၊ (၆)တရားပြိုင် မချယ်ရီဖြိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" စွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၇)ရက် (၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ (၁၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါ်နွေးယုဝေ

# အသက် (၃၉) နှစ်

ဦးတင်မြင့် (Director, Asia General Holding Co., Ltd)၏ ချစ်လှစွာသောဇနီး ဒေါ်နွေးယုဝေ အသက်(၃၉)နှစ်သည် ၂၂-၇-၂၀၂၄ (တနင်္လာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Asia General Holding Co., Ltd**
**Asia General Transformer Co., Ltd**
**Asia General Electric Co., Ltd**

## ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ မြေကွက်အမှတ် (၅၃၅)၊ ဒူးယားလမ်း၊ ဒေါ်ညွန့်ယဉ် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်၊ မြေအကျယ်အဝန်း (အလျား ၄၀ ပေx အနံ ၆၀ပေ)အနက်မှ (အလျား ၁၅ပေx အနံ ၆၀ပေ)အား အမည်ပေါက်၏ သားဖြစ်သူ ဦးဖုန်းနိုင်ဦးမှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်သူဟုအဆိုပြုသူ ရောင်းချသူ ဒေါ်ချမ်းမြေ့လှိုင် [၁၂/ဒဂမ(နိုင်) ၀၀၉၃၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုလွင် [၁၀/မလမ(နိုင်) ၀၄၈၃၅၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စမ်းမိကို (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၀၆)**
**အမှတ်-၁၆၉၊ ရတနာဒီပလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၉၅၈၂၅၉၇၀၊ ၀၉-၅၃၂၁၀၀၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ခေမာလမ်း၊ မြေကွက်အမှတ်(၈၈၂)၊ မြေအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်ခိုင်လင်း [၉/ဝတန(နိုင်)၁၁၃၇၈၂] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** | **(စဉ်-၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးနေဦး**

**ရေကြောင်းပြမှူးကြီး ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်**

**အသက် (၅၉)နှစ်**

သူငယ်ချင်း နေဦး ၂၂-၇-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ (၂၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၇-၂၀၂၄) ရက်နေ့၊ ကြေးမုံ သတင်းစာ၊ စာမျက်နှာ-၃၀ ပါ **"ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"** တွင် **ဒေါ်စုစုလတ်**၏ အရောင်းအဝယ် စာချုပ်အမှတ်- **၇၂၉/၂၀၂၃ (၂၇-၁-၂၀၂၃)** အစား **၇၂၉/၂၀၂၃ (၁-၂-၂၀၂၃)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အကယ်ဒမီ အောင်ဆုပေး စေတီတော်မြတ်ကြီးနှင့် ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ကိုဝင်း

**B.A(Law),LL.B,LL.M, B.A.T(India), Advoacte**

**ဒုညွှန်ချုပ်(ငြိမ်း)**

**အသက်(၇၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၁၃)နေ (ဦးထွန်းအေး-ဒေါ်ခင်စု)တို့၏ သား၊ (ဦးထွန်းတင်-ဒေါ်ထားရွှေ)တို့၏ သားသမက်၊ ဒေါ်ခင်စန်းငွေ (အထက်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ကိုဦး (အင်ဂျင်နီယာ)၊ ဦးကျော်ဝဏ္ဏစံ-ဒေါ်မျိုးမျိုးတင်ကိုဝင်း (တရားလွှတ်တော်ရှေ့နေ)၊ ခွန်ထွန်းကျော်-မဇာဇာလွင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်အောင်မင်းခန့်၊ မခိုင်အိန္ဒြာသန့်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၂-၇-၂၀၂၄ (တနလ်ာနေ့) နံနက် ၈:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နွေးယုဝေ

**အသက် (၃၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ မိုးညိုတန်းလမ်းနေ (ဦးမြင့်ဝေ)-ဒေါ်ကြည်ကြည်ဝင်းတို့၏ သမီးထွေး၊ ဦးခင်မောင်စိုး-ဒေါ်ရီရီဝေ၊ ဦးကံမြင့်-ဒေါ်ဥမ္မာဝေ၊ ဦးတင်အောင်ဝေ-ဒေါ်သင်းသင်းလှိုင်၊ ဦးစိန်အောင်ဝေ-ဒေါ်သီတာစိုး၊ ဦးညီညီဝေ၊ ဦးထိန်လင်း-ဒေါ်ဝေဝေဖြိုးတို့၏ ညီမထွေး၊ ဦးတင်မြင့် (Asia General Holding Co.,Ltd )၏ ချစ်လှစွာသောဇနီး ဒေါ်နွေးယုဝေသည် ၂၂-၇-၂၀၂၄ (တနလ်ာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး၌ (၃၉)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၄-၇-၂၀၂၄ ( ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးခန်းမ(၁-က)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက် (A3-1)၊ အခန်းအမှတ် (1302) (13 လွှာ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကညင်ပင်ကျေးရွာ၊ ကညင်ပင်(၃)လမ်း၊ ကွင်းအမှတ်- ၆၆၉၊ ကွင်းအမည်- သဲဖြူကွင်း၊ ဦးပိုင်အမှတ် - ၁၇၂/က၊ဧရိယာ- (၂.၀၆ )ဧကရှိ ဥယျာဉ်ခြံမြေသည် ဒေါ်အေးအေးခန့် (ခ) ဒေါ်ခင်စန်းကြည် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိပြီး ၎င်းဧရိယာအတွင်းထဲမှ အကျယ်အဝန်း-(၄၀x၄၀)ပေရှိ ဥယျာဉ်ခြံမြေကွက်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းနွယ်အေး [ ၅/ရဥန(နိုင်)၀၆၆၂၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇေယျာအောင်[ ၁၀/ပမန(နိုင်)၁၈၆၆၇၅ ] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့် ဤကြေညာပါသည့်နေ့ မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မြသီတာ ( LL. B )** | **ဦးမြင့်အောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၀၃၃ )** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၆၇ )** |
| **အမှတ် - (၁၅၆) ၊ ဝါးကျောင်းရပ်ကွက်၊** | **အမှတ် - (၁၅၃) ၊ ဝါးကျောင်းရပ်ကွက်၊** |
| **ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၀၆၇၅၆၅** | **ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။ ဖုန်း- ၀၉-၄၂၀၁၈၉၃၅၈** |

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

**လမ်းမီးများ၊ ခြံတွင်းမီးများကို နေရောင်ခြည်သုံး LED မီးစနစ်အား အတတ်နိုင်ဆုံး အသုံးပြုပါ။**




## ဘဝနတ်ထံပို့လွှတ်တော်မူခြင်း

**သီတဂူကျောင်း ပဓာနနာယက သက်တော်ရှည်**

**သာသနဓဇသီရိပဝရဓမ္မာစရိယ**

**သာသနာ့ပါလဓမ္မာစရိယ**

**ရဋ္ဌသုမှဟာနာယက၊ မြို့နယ်ဩဝါဒါစရိယ**

**တောင်ဥက္ကလာပစေတီတော်မြတ်ကြီး ဩဝါဒါစရိယ**

## ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ

**သိက္ခာတော် (၈၀)ဝါ၊ သက်တော် (၁၀၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်မှ ဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတာဘိဝံသသည် (၁၃၈၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်) ၂၃-၇-၂၀၂၄ (အင်္ဂါနေ့) နံနက် ၂:၁၀ နာရီတွင် ဘဝနတ်ထံပို့လွှတ်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်) ၂၇-၇-၂၀၂၄ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အဖွဲ့မအဂ္ဂိဈာပန ပူဇာသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့် သံဃာများနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဈာပနကျင်းပရေးကော်မတီနှင့်
တပည့် ဒါယကာ၊ ဒါယိကာမများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးနေဦး(ငြိမ်း) (ရေ-၃၄၄၂)**

**အဏ္ဏဝါဖောင်ဒေးရှင်းအသင်းသား**

**အသက် (၅၉)နှစ်**

ရန်ကုန်မြို့နေ ဒေါ်သီတာလင်း၏ ခင်ပွန်း ဗိုလ်မှူးနေဦး(ငြိမ်း)သည် ၂၂-၇-၂၀၂၄ (တနလ်ာနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဏ္ဏဝါဖောင်ဒေးရှင်း**

## ဦးဇော်ဦး

**အသက် (၇၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၆၅)နေ (ဦးထွန်းကြိုင်-ဒေါ်သိန်းကြည်)တို့၏ သား၊ (ဦးအောင်ကျော်-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးသီဟ-ဒေါ်လင်းလင်းယု၊ ဦးဇေယျာဦးတို့၏ ဖခင်သည် ၂၂-၇-၂၀၂၄ (တနလ်ာနေ့) နံနက် ၁၀:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်နွေးယုဝေ

**အသက် (၃၉) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ မိုးညိုတန်းလမ်းမနေ (ဦးမြင့်အေး)- ဒေါ်ကြည်ကြည်ဝင်းတို့၏ သမီးထွေး၊ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင် ဦးတင်မြင့် (Asia General Holding Co.,Ltd)၏ ဇနီး ဒေါ်နွေးယုဝေသည် ၂၂-၇-၂၀၂၄ (တနလ်ာနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားပါသည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်-A3.1 နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈-လမ်း၊ အမှတ် (၄၆)၊ ၆-လွှာ(အေ)၊ (တိုက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်)၊ အကျယ်အဝန်း (၁၅ပေx၄၀ပေ) ရှိ တိုက်ခန်းကို တိုက်ခန်း အမည်ပေါက်ပိုင်ရှင် ဦးအောင်ထွန်း [၁၂/ဒဂတ(နိုင်) ၀၂၀၅၉၈] ကိုင်ဆောင်သူကိုယ်တိုင် ရောင်းချမည်ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်ပြီး မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊မြေကွက်အမှတ်-၈၄၆၊(၀.၀၂၈)ဧက၊မြေကွက်တည်နေရာအမှတ်(၂၈)၊မာလာမြိုင်(၂)လမ်း၊(၁၆)ရပ်ကွက်၊ဦးမျိုးဇော်(အီးအမ်ဒီဝိုင်-၃၁၉၀၄၈)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(ခင်ပွန်း)ဖြစ်သူဦးမျိုးဇော်သည်(၁၁-၂-၂၀၀၇)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့်(ဇနီး)ဖြစ်သူဒေါ်အေးအေးမာ(၁၂/လမန(နိုင်)၀၈၅၄၀၅)မှမိမိသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း(၃-၆-၂၀၂၄)ရက်စွဲပါတရားရုံးကျမ်းကျိန်၊ထောက်ခံကျမ်းကျိန်၊ဦးမျိုးဇော်၏သေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားဂရန်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ် (၆၅) (၄-လွှာ)(ညာ) (တတိယထပ်) ဧရိယာ (၁၅'x၆၀')ပေရှိ တိုက်ခန်း (၁)ခန်းကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ တရားဝင် တစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ရွှေ [၁၂/တမန(နိုင်)၁၃၂၅၈၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးရန်နောင်စိုး [၁၁ / စတန(ပြု)၀၀၁၉၃၀) နှင့် ဒေါ်ခင်သန်း [၁၂/ဒဂတ(နိုင်)၁၃၅၀၆၂]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်သက် (LL.B)** | **ဒေါ်ဆွေဇင်မိုး ( LL.B )** |
| **(စဉ်- ၉၂၇၈ / ၁၃)** | **(စဉ်- ၉၃၀၀/၁၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက် - ၉ / ၁၁၊ ပထမထပ်၊ အခန်း (၁၀၃-H)၊ ၃၆ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၀၅၁၀၄၃၊ ၀၉-၂၅၂၄၈၉၀၇၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် (သကတ-၂)၊ အောင်ဘောဂလမ်း၊ မြေကွက်အမှတ် (၈၇၁/ခ)၊ အကျယ်အဝန်း (၂၁x၆၀)ပေရှိ ဒေါ်သောင်း အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းရီ (I-TBN-025605)မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၀၀၆၅၂၇၃**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ် ....

❖ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှ ရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လို ....

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---



အိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ။

## ၂၀၂၄ အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၃

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ၂၀၂၄ အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်းနှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

---

**ယနေ့ ဖတ်စရာ**

**လောင်းလုံးမြို့နယ် ရင်းဘုတ်ကျေးရွာနှင့် ပြင်ချောင်းကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူ ၁၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ**

စာမျက်နှာ » ၁၄

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ပထမနေ့ကို ဇူလိုင် ၂၃ ရက်က စတင်ကျင်းပသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပြီးခဲ့သည့်ရာသီကုန်တွင် MNL မှ တန်းဆင်းလာရသည့် ကချင်ယူနိုက်တက်နှင့် MNL-2 ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ခြေစစ်ပွဲအောင်မြင်လာသည့် ရာမညယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✻



ကချင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။

---

## မြန်မာအမျိုးသမီးလိဂ်တွင် လက်ရှိချန်ပီယံ မြဝတီကို ရှေ့ာဝတီအသင်း အနိုင်ယူ

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးနေ့ကို ဇူလိုင် ၂၃ ရက်က စလင်းကွင်း၌ ကျင်းပရာ ရှေ့ာဝတီအသင်းက လက်ရှိချန်ပီယံ မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုရာသီမှ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သော်လည်း ပြင်ဆင်မှုကောင်းကောင်း ပြုလုပ်ထားသည့် ရှေ့ာဝတီအမျိုးသမီးအသင်းသည် ယခုပွဲတွင် လက်ရှိချန်ပီယံ မြဝတီကို အနိုင်ယူပြီး နိုင်ပွဲထပ်မံရယူနိုင်ခဲ့သည်။ ယခုရာသီတွင် ရုန်းကန်နေရသည့် လက်ရှိချန်ပီယံမြဝတီအသင်းသည် ရှေ့ာဝတီကို အရေးနိမ့်ပြီး လေးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

ရှေ့ာဝတီအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။



### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၃

| | |
|---|---|
| ခန္တီး | ၃ ဒသမ ၃၉ လက်မ |
| တောင်ငူ | ၂ ဒသမ ၉၆ လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၈၀ လက်မ |
| ဥက္ကံ | ၂ ဒသမ ၇၆ လက်မ |
| ညောင်တုန်း | ၂ ဒသမ ၄၀ လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၃၂ လက်မ |
| ဖျာပုံ | ၂ ဒသမ ၁၇ လက်မ |
| သထုံ | ၂ ဒသမ ၁၃ လက်မ |